ကြေးမုံ
The Mirror

၁၃၇၀ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၂ရက်၊ကြာသပတေးနေ့ (12-3-2009) (၅၉၈၀)

အရိယ သစ္စာန ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ

မြတ်စွာဘုရား ဟောကြားတော်မူသော သစ္စာလေးပါး တရားတို့ကို သိမြင်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း သာဂရစက်မှုနယ်မြေရှိ ရေအားလျှပ်စစ်တာဘိုင်၊ ဂျင်နရေတာထုတ်လုပ်မှုစက်ရုံနှင့် ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံများသို့ သွားရောက်စစ်ဆေး

နေပြည်တော် မတ် ၁၁

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် မတ် ၉ ရက် ညနေပိုင်းတွင် ပဲခူးတိုင်း ရေတာရှည်မြို့နယ် သာဂရစက်မှုနယ်မြေရှိ ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာထုတ်လုပ်မှုစက်ရုံစီမံကိန်း၌ စက်ပစ္စည်းများ ရောက်ရှိမှု၊ စက်အထိုင် Machine Foundation များ တည်ဆောက်ပြီးစီးမှုနှင့် တပ်ဆင်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဘက်စုံသုံး ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုစက်ရုံစီမံကိန်း၌ Machine Shop No(1) နှင့် No(2)တို့အတွက် စက်ပစ္စည်းများရောက်ရှိမှုနှင့် တပ်ဆင်ပြီးစီးမှုများကို လည်းကောင်း၊ Forging Shop ရှိ (16) Ton Press Machine အတွက် တန် ၃၀၀၀ ခံနိုင်သော Machine Foundation တည်ဆောက်ပြီးစီးမှု အခြေအနေကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ Machine Foundation နှင့် အခြားတည်ဆောက်ရေးလုပ်ငန်းများကို မိုးမကျမီ အပြီးသတ် ဆောင်ရွက်ကြရန် မှာကြားသည်။

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း သာဂရ စက်မှုနယ်မြေရှိ ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံစီမံကိန်းမှ Forging Shop ရှိ (16) Ton Press Machine အတွက် တန် ၃၀၀၀ ခံနိုင်သော Machine Foundation တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ယင်းနောက် ဝန်ကြီးသည် မြေထိုးမြေတူး ယန္တရားထုတ်လုပ်မှုစက်ရုံ၏ ထုတ်လုပ်မှုလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးကာ ထုတ်လုပ်မှုကို လာမည့်ဘဏ္ဍာရေးနှစ်အတွင်း တိုးမြှင့်ထုတ်လုပ်သွားရန်၊ မိမိတို့စက်ရုံအနေဖြင့် Localization ပြုလုပ်နိုင်မည့် အစိတ်အပိုင်း အမယ်သစ်များ တိုးမြှင့်ထုတ်လုပ်သွားကြရန်၊ ကုန်ကြမ်း လိုအပ်မှုကို တွက်ချက်တင်ပြရန်နှင့် Workmanship ကောင်းကောင်းဖြင့် ထုတ်လုပ်မှု ဆောင်ရွက်နိုင်ရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပဲခူးတိုင်း ရဲနွယ်ရေလှောင်တမံအကျိုးကျေးဇူးကြောင့် ညောင်လေးပင်မြို့နယ် ဝဲဝန်းရွာအုပ်စုမှ အောင်မြင်ဖြစ်ထွန်းနေသော နွေစပါး၊ နွေနှမ်း၊ သစ်သီးဝလံ စိုက်ခင်းများ

သတင်းမြင်ကွင်း
သတင်းထောက် ပိန်းဇလုပ်-သိန်းညွန့်
ဓာတ်ပုံမှတ်တမ်း-နေလင်း(ညောင်လေးပင်)

ဝဲဝန်းကျေးရွာအုပ်စုအနီးရှိ အောင်မြင်ဖြစ်ထွန်းနေသော ဂေါ်ဖီထုပ်၊ ပြောင်းနှင့် မတ်ပဲ စိုက်ခင်းများကို တွေ့မြင်ရစဉ်။

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ်နှင့် ကျောက်တံခါးမြို့နယ်တို့တွင် နွေစပါး၊ ဆောင်းသီးနှံ၊ ပဲမျိုးစုံ စိုက်ပျိုးနိုင်ရန် အထောက်အကူပြုလျက်ရှိသည့် ဆည်တမံမှာ ရဲနွယ် ရေလှောင်တမံဖြစ်သည်။ရဲနွယ်ရေလှောင်တမံကို ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအနီးတွင် တည်ဆောက်ထားသည်။ ထိုရေလှောင်တမံကြီး၏ အကျိုးကျေးဇူးကြောင့် ညောင်လေးပင်မြို့နယ် ဝဲဝန်းကျေးရွာအုပ်စုရှိ နွေစပါး၊ နွေနှမ်း၊ ပဲမျိုးစုံ၊ ဖရဲ၊ နေကြာ၊ ပြောင်း၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ခရမ်းချဉ်သီး၊ ခရမ်းချိုနှင့် သစ်သီးဝလံ၊ စားဖိုဆောင်ဟင်းသီးဟင်းရွက် စိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်ကို ကြားသိရသည်။

သတင်းအဖွဲ့သည် အောင်မြင်ဖြစ်ထွန်းနေသော **စာမျက်နှာ ၈ ကော်လံ ၁ သို့ ▲**

ကြေးမုံ The Mirror
၁၂-၃-၂၀၀၉
(ကြာသပတေးနေ့)

သစ်တောသစ်ပင်သဘာဝပတ်ဝန်းကျင် ဝိုင်းဝန်းထိန်းသိမ်း

လူသားများ အပါအဝင် သက်ရှိအားလုံး၏ ပတ်ဝန်းကျင်တွင် လေထု၊ ရေထု၊ မြေထု၊ သစ်ပင်တောတောင်၊ သဘာဝသယံဇာတပစ္စည်းများ ဝန်းရံဖြစ်တည်နေသည်။ ကမ္ဘာ့လူသားများအားလုံး ဖူလုံပြည့်စုံစွာ စားသောက်နေထိုင်နိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင် ကောင်းမွန်မှုရှိနေရမည်ဖြစ်သည်။

သစ်ပင် သစ်တောများသည် လူတို့စားသောက်နေထိုင်ရေးတွင် အသုံးဝင်သည့်ပစ္စည်းများကို ဖြည့်စွမ်းပေးသည်သာမက ရာသီဥတုကို ညီညွတ်မျှတစေသည်။ သားငှက်တိရစ္ဆာန်များအတွက် အသိုက်အမြုံများကို ဖန်တီးပေးနေသောကြောင့် သစ်တောမပြုန်းတီးရေး၊ ဂေဟစနစ်များ တည်ငြိမ်ရေး ဂရုပြုထိန်းသိမ်းကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ရေ၊ မြေ၊ သစ်တော၊ သဘာဝသယံဇာတ အရင်းအမြစ်များကို စနစ်တကျထိန်းသိမ်းလျက်ရှိသည်။ ကြိုးဝိုင်းတောများ၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝနယ်မြေများကို သစ်တောဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်နေသည်။ သစ်တောရေးရာဝန်ကြီးဌာနနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဒေသအလိုက် ကျေးရွာသုံး ထင်းစိုက်ခင်းများ၊ ရေဝေရေလဲသစ်တောများ၊ ကျွန်းအထူးစိုက်ခင်းများကို တိုးချဲ့ထူထောင်စိုက်ပျိုးလျက်ရှိသည်။

ကျွန်းသစ်များပေါက်ရောက်ဖြစ်ထွန်းသည့် ပဲခူးရိုးမတွင် စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝသစ်တောများ ဖွံ့ဖြိုးရှင်သန်လာရေးအတွက် ရေဝေရေလဲစိုက်ခင်းများ ထူထောင်လျက်ရှိသည်။ လှည်းကူးမြို့နယ်အတွင်း ပေါင်းလင်းကြိုးဝိုင်း၊ မဟူရာကြိုးဝိုင်း၊ ကလီတော်ကြိုးဝိုင်းများ တည်ရှိသည်။

အဆိုပါ သစ်တောကြိုးဝိုင်းများတွင် ကျွန်းနှင့် ဆီသပြေ၊ သစ်ဆိမ့်၊ ပျဉ်းကတိုး၊ စစ်၊ မအူ၊ ပျဉ်းမ၊ ပိတောက် စိုက်ခင်းများ ဖြစ်ထွန်းလျက်ရှိသည်။ ပတ်ဝန်းကျင်တွင် ငမိုးရိပ်ချောင်း၊ မဟူရာချောင်းကြီးများနှင့် အခြားချောင်းများလည်းရှိရာ ရေဝပ်ဧရိယာကျယ်ပြန့်စွာရှိသည်။ ထို့အပြင် မြို့နယ်အတွင်း အိမ်ထောင်စုတိုင်း ကျွန်းနှင့် သစ်မာပင်များ တစ်ပိုင်တစ်နိုင်ပါဝင်စိုက်ပျိုးလျက်ရှိရာ ကျွန်းနှင့် သစ်မာပင်များ တိုးပွားလာလျက်ရှိသည်။

ကျွန်းသစ်နှင့် ပျဉ်းကတိုးအပါအဝင် သစ်တောသစ်ပင်များသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် အားထားရသကဲ့သို့ ဒေသစိမ်းလန်းစိုပြည်ရေးကိုပါ အကျိုးပြုလျက်ရှိရာ နိုင်ငံတော်အစိုးရ၏ သစ်တောသစ်ပင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများတွင် ဒေသခံပြည်သူများအားလုံးက အစဉ်တစိုက် ဝိုင်းဝန်းပါဝင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၂-၃-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ အတီးပြိုင်ပွဲ
၈း၁၅ ၇။ (၆၄)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်
၈း၃၀ ၈။ International News.
၈း၄၀ ၉။ **"သူငယ်ချင်းမရှိတဲ့ဥပဒေ" (မင်းဝေ၊ ခင်ဇာခြည်ကျော်၊ ဧကရီကျော်ကျော်) [ဒါရိုက်တာ-မောင်ယဉ်ကျော်]**
၈း၅၀ ၁၀။ တေးဂီတအစီအစဉ်
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အကပဒေသာ
၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၄း၃၀ ၄။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ
၄း၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ-ပထမနှစ် (အထူးပြုအားလုံး)(အင်္ဂလိပ်စာ)
၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀ ၇။ **"ရိုးသားစွာကြိုးစားပါ" [ထွန်းထွန်းဝင်း၊ မြင့်မြင့်ခိုင်၊ ဟိန်းထက်ဇော်(ခ) ကာဟော့၊ ဝီယ၊ ဦးစောနိုင်(ရှမ်းပြည်)၊ ဦးရဲစိန်၊ ကြည်စိုး(IC)၊ ဒေါ်အိအိစိုး၊ ဒေါ်သဲနုခိုင်] [ဒါရိုက်တာ-မြင့်စိုး (ဝ/သ)ရန်ကုန်]**
၅း၂၅ ၈။ တေးဂီတအစီအစဉ်
၅း၃၅ ၉။ (၆၄)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်
၅း၄၅ ၁၀။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၃။ **ပျော်ရွှင်စေသောနေ့ရက်များ "ကူလီချစ်" (ဇော်ဇော်အောင်၊ စိုးရန်အောင်၊ တိမ်ညွန့်၊ နန်းဆုရတီစိုး) [ဒါရိုက်တာ-အောင်ကျော်သူရ]**
၆း၅၀ ၁၄။ ထူးဆန်းထွေလာများကိုသိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇း၁၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကုန်သွယ်မုန်တိုင်း" (အပိုင်း-၅၉)**
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာလမ်းဆုံ" (အပိုင်း-၇)**
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မြူခိုးဝေဝေချစ်သက်တည်" (အပိုင်း-၆)**
၂၁။ အစီအစဉ်ပြီး၏။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၁၁

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုသည် ယမန်နေ့ ည ၇နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက် တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်နှင့် ရုံးအဖွဲ့မှူး ဦးမြင့်ထွေးတို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ ပြန်ကြားရေးနှင့် မီဒီယာကဏ္ဍ ပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေး ခဲ့ကြသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပို လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ
စာဖြေဌာနများ ညွှန်ကြားရေးမှူးချုပ် ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၁

အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်သည် ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲများ စတင်ကျင်းပသည့် ယနေ့တွင် အထက(၁) နေပြည်တော်ပျဉ်းမနား၊ အထက(၃) နေပြည်တော်၊ အထက(၁)၊ (၂) နေပြည်တော်တပ်ကုန်း၊ အထက(၁) ရမည်းသင်း၊ အထက(၁)ပျော်ဘွယ်၊ အထက-ယင်းတော်၊ ပျော်ဘွယ်၊ အထက(၃)မိတ္ထီလာ စာဖြေဌာနများသို့ လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲလွင်အောင်သည် မန္တလေးမြို့အတွင်းရှိ အထက(၁)၊ (၄)၊ (၇)၊ (၉)၊ (၂၅)၊ (၂၆)နှင့် အလက(၅)စာဖြေဌာနများသို့လည်းကောင်း၊ နေပြည်တော်ကျောင်းများ၏ ကြီးကြပ်ကွပ်ကဲရေးတာဝန်ခံ ညွှန်ကြားရေးမှူး ဦးမြင့်ရွှေနှင့်အဖွဲ့သည် နေပြည်တော်ကျောင်းများ၏ စာဖြေဌာနများသို့ လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် ကျောင်းသား ကျောင်းသူများ၏ စာဖြေခန်းများသို့ ဝင်ရောက်ဖြေဆိုမှုစနစ်၊ သက်ဆိုင်ရာစာဖြေဌာန ကြီးကြပ်ရေးမှူး၊ လက်ထောက်ကြီးကြပ်ရေးမှူးတို့၏ သတ်မှတ်ထားသည့် အချိန်အတွင်း မေးခွန်းဖြန့်ဝေမှု၊ ကျောင်းသား ကျောင်းသူများ၏ စာမေးပွဲဖြေဆိုမှု၊ အဖြေလွှာ သိမ်းဆည်းမှုစနစ်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကိုမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင် ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲများ စတင်ကျင်းပနေမှုနှင့် စပ်လျဉ်း၍ အထက(၁) နေပြည်တော်ပျဉ်းမနား စာဖြေဌာနတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဝါဏိဇ္ဇဘွဲ့ရများအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် မတ် ၁၁

ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ)က ကြီးမှူး၍ မတ် ၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် Myanmar Info-Tech Conference Hall ၌ ပါမောက္ခ ဆရာကြီး ဦးမော်သန်းက Policies, estimates, errors, provisions & related issues in contemporary financial reportingခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သည်။အဆိုပါဟောပြောပွဲဖြစ်မြောက်ရေးကို Excellent Choice မှ ဦးအောင်နိုင်မောင်မောင်က Sponsor အဖြစ် တာဝန်ယူမည်ဖြစ်သည်။

၎င်းဟောပြောပွဲအား စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပြီး တက်ရောက်လိုသူများသည် မတ် ၁၄ရက်(စနေနေ့) နောက်ဆုံးထား၍ အသင်းရုံးခန်း အမှတ် ၃၇/၄၁၊ လမ်း-၅၀(အောက်)၊ ဗိုလ်တထောင်မြို့နယ်သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းပေးကြရန်နှင့် စာရင်းသွင်းရာတွင် လက်မှတ်ရပြည်သူ့စာရင်းကိုင်များဖြစ်ပါက မိမိတို့၏ CPA အသင်းဝင်အမှတ်၊ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလက်မှတ်အမှတ် (ရှိလျှင်)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်များ ဖော်ပြပေးရန်နှင့် ဟောပြောပွဲတက်ရောက်ကြောင်း လက်မှတ်များ ထုတ်ပေးမည်ဖြစ်ပြီး အသေးစိတ်သိလိုပါက ရုံးအဖွဲ့မှူး ဦးဘဝင်း ဖုန်း-၂၉၁၆၆၇၊ အတွင်းရေးမှူး ဦးမိုးကျော် ဖုန်း-၀၉-၅၁၅၄၅၇၄၊ တွဲဖက်အတွင်းရေးမှူး ဒေါ်အေးသီတာ ဖုန်း-၀၉-၅၀၀၀၇၅၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

သန်လျင်မြို့ အမက ဂျမားကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် စတုတ္ထတန်း သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲတွင် မောင်သက်ကိုကိုအောင်အား ကျောင်းအုပ်ဆရာကြီး ဦးကျော်ဝင်း သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်စဉ်။

(ပညာရေး)

လာရောက်တွေ့ဆုံ

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပို လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

စိတ်ကောင်းနှင့်ယှဉ်

အများအကျိုး၊ ရှက်သယ်ပိုးက၊
ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း၊
မဖဲ့စကောင်း၊ ကိုယ့်လမ်းကြောင်းကို၊
စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့။

(ရွှေဟင်္သာ ဆရာတော်ဘုရားကြီး)

ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၁၁

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုသည် ယမန်နေ့ ညနေ ၅ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန် ဆက်သွယ်ဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း ဖြန့်ချိ

ရန်ကုန် မတ် ၁၁

မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၃၀)ကို ယနေ့ ထုတ်ဝေ ဖြန့်ချိလိုက်သည်။

အဆိုပါမဂ္ဂဇင်းတွင် မင်းယုဝေ၊ ဒေါင်းနွယ်စိုး၊ သူရဇော်၊ သိပ္ပံစိုးမြင့်နိုင်၊ ဖိုးရန်နိုင် (ကျောက်ကြီး)၊ ပုဂံမွေးကြည်၊ မောင်မောင်မိုးအောင်တို့၏ ကဗျာများ၊ စောမုံညင်း၊ ကေတုနီလာ၊ ညွန့်ဟံ (ကြူတော)၊ တက္ကသိုလ်မြတ်သူ၊ ကျော်ဇင် (စာနယ်ဇင်း)၊ တက္ကသိုလ်တင်ခ၊ တက္ကသိုလ်သန်း၊ ဒေါက်တာလှမောင် (စီးပွားရေး)၊ မောင်ပညာကျော်၊ မောင်ကျော်ဟိုး(မင်္ဂလာဒုံ)၊ အောင်ဘုန်းညို(ရွှေဘို)၊ နီငြိမ်း(အညာတက္ကသိုလ်)၊ သန်းထွန်း(စကု)၊ အောင်ရန်နိုင်(B.Sc)၊ မောင်မွန်မြတ်(ဆူးလေ)၊ ဆင်ဖြူကျွန်းမြင့်သိန်းတို့၏ သုတဆောင်းပါးကဏ္ဍ၊ စန်းနီလာဝင်း၏ ကမ္ဘာ့ဂန္ထဝင်ဝတ္ထုတိုကဏ္ဍ၊ လေးဝတီကျော်၏ နိုင်ငံတကာ သုတရေးရာကဏ္ဍ၊ မောင်မြင့်အောင်၊ အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်)၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၊ ထားမြတ်မာ (မြန်မာစာ)၊ ထက်ကောင်းကင်တို့၏ ရသဝတ္ထုတိုကဏ္ဍ၊ မောင်စိန်တင်၏ မြန်မာ့ဂန္ထဝင်ဝတ္ထုတိုကဏ္ဍ၊ နန္ဒာမိုးကြယ်၊ ဦးအေးကို(ယမုံနာ)၏ ဗုဒ္ဓဝင်ကြေးမုံဝတ္ထုတိုကဏ္ဍ၊ မောင်မောင်စန်း(ရန်ကုန်တက္ကသိုလ်)၊ ဦးခင်မောင်မြ(BA,BL)၊ တက္ကသိုလ်လှကြွယ်တို့၏ အင်္ဂလိပ်ဆောင်းပါးကဏ္ဍ၊ မောင်မီဒီယာ၊ မင်းဟန်လှဦး (မင်းဘူး)တို့၏ ဟာသကဏ္ဍ၊ ငွေကြည်၊တင်အောင်နီ၊မြေဇာ၊ သစ်ထွဏ်းတို့၏ ကာတွန်းကဏ္ဍတို့စုံလင်စွာ ဖော်ပြပါရှိသည်။ စာမူများ၊ ကြော်ငြာများ ထည့်သွင်းလိုပါက စာတည်းမှူးချုပ် မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ် (၄၅၅/၄၅၇) တက္ကသိုလ်ရိပ်သာလမ်းသစ် ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူ၍ ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် ကျူးဘားသမ္မတနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သော မစ္စတာဘရူနို အက်ဒွာဒို ရိုဒရီဂွက်ဇ် ပါရယ်ရာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ဘဝအောင်မြင်မှုဆိုင်ရာဆောင်းပါးများ စာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၁၁

စာရေးဆရာမ အေးဖြူ၏ "ဘဝအောင်မြင်မှုဆိုင်ရာ ဆောင်းပါးများ"စာအုပ်ကို ချိုတေးသံစာပေက ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

အဆိုပါစာအုပ်တွင် လူငယ်လူရွယ်များသာမက လုပ်ငန်းအဖွဲ့အစည်းများတွင် ပါဝင်ဦးဆောင် တာဝန်ယူနေကြသူများအတွက်ပါ အစွမ်းအစနှင့် အင်အားများကို ဖြစ်စေနိုင်သည့် 'အောင်မြင်မှုအတွက် "Focus"၊ ကိုယ့်ကိုယ်ကိုယ် တွန်းအားပေးပါ၊ လက်လျှော့အရှုံးပေးရမှာကိုကြောက်တဲ့စိတ်၊ သဘောပေါက်မှုတွေ မလွဲရအောင်၊ ဝေဖန်မှုတွေအကြား၊ ဘဝအောင်မြင်ဖို့ ဒါတွေ စီမံခန့်ခွဲတတ်ပြီလား၊ ဆက်ဆံရေးမှာ အခရာ စာနာစိတ်လေးပါ၊ နမူကောင်းတွေယူတတ်ရင်ရမယ်၊ အသေးအဖွဲလေးတွေပေမယ့်၊ အနာဂတ်အင်အားလူငယ်များ၊ စိတ်ဖိစီးမှုဒဏ်မခံရအောင်၊ အလုပ်နဲ့နှလုံးသား တစ်ထပ်တည်းကျစေဖို့၊ အလုပ်မှာ လိုလိုလားလား အားထည့်လုပ်ချင်အောင်၊ အလုပ်တာဝန်ထပ်ဆင့်ခွဲဝေခြင်း၊ အောင်မြင်တဲ့အသင်းတစ်သင်းဖြစ်အောင်ဘယ်လိုတည်ဆောက်မလဲ' စသည့် အသိပညာပေး အကျိုးပြုဆောင်းပါးများကို ခံစားတင်ပြထားသည်။

ထိုစာအုပ်ကို ချိုတေးသံစာပေမှ တစ်ပြည်လုံးသို့ ဖြန့်ချိပြီး စာအုပ်တန်ဖိုးမှာ ငွေကျပ် ၁၄၀၀ ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၃-၂၀၀၉ (ကြာသပတေးနေ့)

AM & PM	
၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"ခန္ဓာအသေကိစ္စကို ဉာဏ်မဂ္ဂနှင့်မြင်အောင်ကြည့်ပါ" တရားတော် (ပြည်တွင်းပြည်ပ သာသနာပြုအောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ)
၇း၄၅ - ၁း၄၅	လူငယ်IT ပညာရှင်များနှင့် Software Engineering
၈း၁၀ - ၂း၁၀	အနုပညာမိုးကောင်းကင်
၈း၃၅ - ၂း၃၅	ကျောက်ကပ်နှင့်ကျောက်ကပ်ရောင်ရောဂါအကြောင်း (ပါမောက္ခဒေါက်တာခင်မောင်ဌေး)
၈း၅၅ - ၂း၅၅	တေးဂီတအစီအစဉ်
၉း၀၀ - ၃း၀၀	သစ်သီးဝလံပေါပြည့်ဝေဆာတို့မြေမှာ (ဒူးရင်း၊မင်းကွတ်၊ ကြက်မောက်)
၉း၁၅ - ၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ - ၃း၂၅	စားချင်စဖွယ်နည်းအသွယ်သွယ်
၉း၅၀ - ၃း၅၀	Activities In The City (စာရေးဆရာမြသန်းစံ၏စာအုပ်သစ်လက်မှတ်ရေးထိုးပွဲ)
၁၀း၁၀ - ၄း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅ - ၄း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀ - ၄း၂၀	Cartoon Show Time(Happy Feet)
၁၀း၄၅ - ၄း၄၅	မိုးလေဝသခန့်မှန်းချက်
၁၀း၅၅ - ၄း၅၅	ဂီတသံစဉ်အလှဆင်(မေဆွိ)
၁၁း၁၀ - ၅း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၀ - ၅း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅ - ၅း၂၅	Made In Thailand Festival
၁၁း၄၀ - ၅း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၀ - ၅း၅၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ "ရှော့ရှိတဲ့အချစ်များ"
၁၂း၀၅ - ၆း၀၅	Fashion Guide (ရောင်စဉ်များနဲ့ အလှပိုင်ရှင်)
၁၂း၂၀ - ၆း၂၀	"တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ" (ရေပုတ်သင်မွေးမြူရေး)
၁၂း၃၅ - ၆း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀ - ၆း၄၀	သဘာဝကပေးတဲ့အကျိုးအာနိသင်
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နေပြည်တော်မြန်မာ့အသံ

(သောကြာနေ့- နံနက်+နေ့လယ်+ည) (၁၃-၃-၂၀၀၉)

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက်၊ နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တရားတော်(ဇေဂုသုတ်) (ဓမ္မပူဇာတေးပဒေသာ)
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၃၀	ပြောပါရစေရှင်(ဆေးစွမ်းတစ်လက် အသက်ထက်ဆုံး မပျက်မှီဝဲ)
၈း၄၀	တေးပဒေသာ
၉း၀၀	အစီအစဉ်ပြီး၏။
၁၀း၀၀	သောတရှင်လိုရာတေး
၁၀း၃၀	သတင်းစာအာဘော်
၁၀း၄၀	တူယှဉ်သီကြွေးစုံတွဲတေး
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	လေလှိုင်းကြားကပွဲတင်သံ
၁၁း၃၅	နေ့လယ်ခင်းတေးပဒေသာ
၁၂း၀၀	စံတော်ချိန် နိုင်ငံစီးပွား(မိရိုးဖလာသင်ဖြူးဖျာရက်လုပ်ငန်း) နေ့လည်ခင်းတေးပဒေသာ
၁၂း၃၀	သိမှတ်စရာမြန်မာစကား မြန်မာစာ(သတိထားစရာ အသုံးမှားအချို့)
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၂၀	ဆောင်းပါး (ငွေရတုမေတ္တာဘွဲ့)
၄း၃၀	စစ်သည်အတွက် တေးလက်ဆောင်
၅း၀၀	တေးပဒေသာ
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	တေးပဒေသာ
၆း၀၀	ညနေခင်းသတင်း
၆း၁၀	တေးချစ်သူရွေးသီတေးပန်းချီ နိုင်ငံရေးဦးတည်ချက်
၆း၄၅	တေးပဒေသာ
၇း၀၀	နိုင်ငံတကာသတင်း
၇း၁၀	ညချမ်းချိန်ခါ တေးပဒေသာ
၇း၂၅	ဇာတ်လမ်းပမာ နားဆင်စရာ (ပေးဆပ်သူရဲ့စေတနာ)
၇း၄၅	တေးပဒေသာ
၈း၀၀	ပြည်တွင်းသတင်း
၈း၁၀	အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (စိုင်းထီးဆိုင်-အလွမ်းပြေ) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၉း၀၀	ဆောင်းပါး(ဘသားယောက်ျား) လူမှုရေးဦးတည်ချက် ခံစားနားဆင်မြန်မာတေးသံစဉ်
၉း၃၀	ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀	အစီအစဉ်ပြီး၏။

ဆိုမာလီဓားပြများ၏ ဖမ်းဆီးထားမှုမှ လွတ်မြောက်ခဲ့သော မြန်မာသင်္ဘောသားများအား နစ်နာကြေးငွေများ ပေးအပ်ပွဲကျင်းပ

ရန်ကုန် မတ် ၁၁

ဆိုမာလီဓားပြများ၏ ဖမ်းဆီးထားမှုမှ လွတ်မြောက်ခဲ့သော မြန်မာသင်္ဘောသားများအား မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘောသားများအသင်းက နစ်နာကြေးငွေများ ပေးအပ်ပွဲကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် (၃၇)လမ်းရှိ မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘောသားများ အသင်းရုံးခန်းမ၌ ကျင်းပရာ အသင်းအလုပ်အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဝင်းငွေက အဖွင့်အမှာစကား ပြောကြားပြီး ဒေသခံကိုယ်စားလှယ် ဦးဌေးအောင်က နစ်နာကြေးများရရှိရန်ဆောင်ရွက်ခဲ့မှုအဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။

နစ်နာကြေးပေးအပ်

ယင်းနောက် မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘောသားများအသင်း ဘဏ္ဍာရေးမှူး ဦးရဲအောင်က ဆိုမာလီဓားပြများ၏ ဖမ်းဆီးထားမှုမှ လွတ်မြောက်ခဲ့သော မြန်မာသင်္ဘောသား၁၂ဦးတို့အား နစ်နာကြေးငွေများကိုပေးအပ်သည်။

ထို့နောက် မြန်မာသင်္ဘောသားများ ကိုယ်စားဦးကျော်စိုးနှင့် အသင်းတွဲဖက်အတွင်းရေးမှူး ဦးမင်းဇော်တို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

ဖမ်းဆီးခံခဲ့ကြရ

မြန်မာသင်္ဘောသား၁၂ဦးသည် MV. Bright Ruby သင်္ဘောတွင် တာဝန်ထမ်းဆောင်နေစဉ် ၂၀၀၈ခုနှစ် စက်တင်ဘာ ၁၀ ရက်မှ အောက်တိုဘာ ၁၆ရက်အထိ ဆိုမာလီဓားပြများ၏ ဖမ်းဆီးခြင်းကို ခံခဲ့ကြရခြင်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဆိုမာလီဓားပြများ၏ ဖမ်းဆီးထားမှုမှ လွတ်မြောက်ခဲ့သော မြန်မာသင်္ဘောသားများအား မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘောသားများအသင်းက နစ်နာကြေးငွေများ ပေးအပ်ပွဲတွင် မြန်မာနိုင်ငံ သင်္ဘောသားများအသင်း ဘဏ္ဍာရေးမှူး ဦးရဲအောင်က ဆိုမာလီဓားပြများ၏ ဖမ်းဆီးထားမှုမှ လွတ်မြောက်ခဲ့သော မြန်မာသင်္ဘောသား ၁၂ဦးတို့အား နစ်နာကြေးငွေများ ပေးအပ်စဉ်။

(သတင်းစဉ်)

အီရတ်နိုင်ငံ အဘူဂါရတ်အရပ်တွင် ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသွားသူတစ်ဦး အယ်လ်ယာမောက်ဆေးရုံတွင် တက်ရောက်ကုသနေသည်ကို မတ် ၁၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်၌ အသေခံကားဗုံးဖောက်ခွဲ ၃၃ ဦး သေဆုံး

ဘဂ္ဂဒက် မတ် ၁၁

အီရတ်နိုင်ငံ အဘူဂါရတ်ဒေသတွင် မတ် ၁၀ ရက်က လူမျိုးစုအကြီးအကဲများအား ပစ်မှတ်ထားပြီး အသေခံကားဗုံးဖြင့် တိုက်ခိုက်ရာ ၃၃ ဦး သေဆုံးပြီး ၄၆ ဦး ဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ဘဂ္ဂဒက်မြို့ အနောက်ဘက် ကီလိုမီတာ ၂၀ ခန့်အကွာရှိ အဘူဂါရတ်ဒေသ မြို့တော်ခန်းမမှ ထွက်လာသည့် လူမျိုးစုခေါင်းဆောင်များနှင့် တပ်မတော် အကြီးအကဲများ အုပ်စုအတွင်းသို့ အသေခံကားဗုံးဖြင့် တိုက်ခိုက်ခြင်းဖြစ်သည်။

သေဆုံးသူများတွင် ယင်းဒေသမှ အယ်လ်မူသန်နာ တပ်မှူးတစ်ဦးလည်း ပါဝင်ပြီး အစိုးရပိုင်ရုပ်မြင်သံကြားဌာနမှ သတင်းထောက် အီဘရာဟင်အယ်လ်ကာတက်မှာ ဒဏ်ရာရရှိသွားကြောင်း ဖော်ပြထားသည်။ **အင်တာနက်။**

အာဖဂန်နစ္စတန်တွင် နေတိုးတပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ကဘူး မတ် ၁၁

အာဖဂန်နစ္စတန်အရှေ့ပိုင်းတွင် နေတိုးဦးဆောင်သော နိုင်ငံတကာ လုံခြုံရေးတပ်ဖွဲ့(အိုင်အက်စ်အေအက်ဖ်)မှ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိကြောင်း ထိုတပ်ဖွဲ့မှထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။

ဖော်ပြခြင်းမရှိ

သို့သော် ကြေညာချက်တွင် တိုက်ခိုက်ခြင်းခံရသော နေရာအား ဖော်ပြထားခြင်း မရှိသေးပေ။ အာဖဂန်မှ အမည်မဖော်လိုသူ တာဝန်ရှိသူတစ်ဦးကမူ အရှေ့ပိုင်းပြည်နယ် ပက်တီယာတွင် ဖြစ်ခဲ့ကြောင်း ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကြေးမုံ The Mirror

နိုင်ငံတကာ သတင်းများ

အီရတ်၌ အမေရိကန် မရိန်းတပ်ဖွဲ့ဝင် သေဆုံး

ဘဂ္ဂဒက် မတ် ၁၁

အီရတ်နိုင်ငံတွင် မတ် ၁၀ ရက်က တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ မတော်တဆ ဖြစ်ပွားခြင်းကြောင့် အမေရိကန် မရိန်း တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

အသေးစိတ်ဖော်ပြခြင်းမရှိ

အဆိုပါ တပ်ဖွဲ့ဝင်သည် အနောက်ပိုင်းရှိ နိုင်ငံစုံတပ်ဖွဲ့မှဖြစ်ပြီး မတ် ၁၀ ရက်က သေဆုံးခဲ့ခြင်းဖြစ်သည်။ မတော်တဆ ဖြစ်ပွားရခြင်းအကြောင်းရင်းကို အသေးစိတ်ဖော်ပြခြင်း မရှိချေ။

၎င်းတပ်ဖွဲ့ဝင်အပါအဝင် ၂၀၀၃ ခုနှစ် မတ်လက အီရတ်နိုင်ငံတွင် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များ ကျူးကျော်ဝင်ရောက်ချိန်မှစ၍ ယနေ့အထိ အမေရိကန်တပ်ဖွဲ့ဝင်သေဆုံးသူ ၄၂၅၇ ဦးရှိကြောင်း ပင်တဂွန်စစ်ဌာနချုပ်၏ အစီရင်ခံစာက ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ယူဂန္ဒာနိုင်ငံ ဗစ်တိုးရီးယားရေကန်အတွင်း ပျက်ကျသွားသော အီလူးရှင်း ကုန်တင်လေယာဉ်ကို ရှာဖွေကယ်ဆယ်ရန် ဆောင်ရွက်နေကြသူအချို့ကို မတ် ၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

သီရိလင်္ကာနိုင်ငံ တောင်ပိုင်းတွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားသွားသောနေရာကို မတ် ၁၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆိုမာလီတွင် ကုန်တင်လေယာဉ်ပျက်ကျ၊ ၁၁ ဦးသေ

ကမ်ပါလာ မတ် ၁၁

ဆိုမာလီနိုင်ငံတွင် တာဝန်ထမ်းဆောင်နေသော အာဖရိကသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့များအတွက် အသုံးအဆောင်ပစ္စည်းများ တင်ဆောင်လာသော ကုန်တင်လေယာဉ်အီလူးရှင်း-၇၆ သည် မတ် ၉ ရက်က မီးလောင်ပြီး ယူဂန္ဒာနိုင်ငံ ဗစ်တိုးရီးယားကန်အတွင်းသို့ ပျက်ကျခဲ့ကြောင်း၊ လိုက်ပါလာသူ ၁၁ ဦးလုံး သေဆုံးကြောင်း အာဏာပိုင်များက ပြောကြားသည်။ ရုရှားလေယာဉ်မှူး လေးဦးနှင့်အတူ သေဆုံးသူခရီးသည် ခုနစ်ဦးမှာ ဘူဒန်ဒီစစ်ဘက်အရာရှိ သုံးဦး၊ ယူဂန္ဒာနှစ်ဦး၊ အိန္ဒိယတစ်ဦးနှင့် တောင်အာဖရိကသားတစ်ဦးတို့ဖြစ်သည်။ အဆိုပါ လေယာဉ်သည် ရေသန့်စက်များ၊ ပိုက်များ၊ ယူဂန္ဒာတပ်ဖွဲ့အတွက် အခြားပစ္စည်းများ သယ်ဆောင်လာခဲ့သည်ဟု ယူဂန္ဒာကြည်းတပ်မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူး ဖိလစ်ကူလိုင်ဂျေးက ပြောကြားသည်။ ပျက်ကျရခြင်း၏ အကြောင်းရင်းကို စစ်ဆေးစုံစမ်းလျက်ရှိသည်ဟု ဆိုသည်။ ***အင်တာနက်။***

သီရိလင်္ကာတောင်ပိုင်းတွင် ဗုံးကွဲမှုဖြစ်ပွား အနည်းဆုံး ၁၀ ဦးသေ၍ ၂၀ ဒဏ်ရာရ

ကိုလံဘို မတ် ၁၁

သီရိလင်္ကာတောင်ပိုင်းတွင် အသေခံဗုံးဖောက်ခွဲမှုတစ်ခု ဖြစ်ပွားရာ အနည်းဆုံး ၁၀ဦးသေဆုံးပြီး ၂၀ဒဏ်ရာ ရရှိသွားကြောင်း အာဏာပိုင်များက ပြောကြားသည်။

မြို့တော်ကိုလံဘို၏ တောင်ပိုင်း ကီလိုမီတာ ၁၆၀အကွာရှိ အာကူရီဆာအရပ်တွင် အင်္ဂါနေ့က အဆိုပါ ဗုံးဖောက်ခွဲမှုဖြစ်ပွားခြင်းဖြစ်သည်။ ပေါက်ကွဲမှုဖြစ်ပွားချိန်တွင် အဆိုပါနေရာ၌ သီရိလင်္ကာနိုင်ငံမှဝန်ကြီးခြောက်ဦးရောက်ရှိနေသည့်အတွက် ထိုဝန်ကြီးများကို ဦးတည်ကာ တိုက်ခိုက်ခြင်းဖြစ်နိုင်သည်ဟု ရေနံလုပ်ငန်းဝန်ကြီး အေအိတ်ချ်အမ်ဖော်ဇာက ပြောကြားသည်။ ထိုတိုက်ခိုက်မှုကြောင့် ဝန်ကြီးတစ်ဦး ဒဏ်ရာရရှိပြီး ပေါက်ကွဲရာနေရာတွင် အလောင်းခုနစ်လောင်းကို တွေ့ရသည်ဟုဆိုသည်။

ဒဏ်ရာရသွားသူဝန်ကြီးဝိဂျိစက္ကရမှာ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဖြစ်သည်။ ယင်းလုပ်ရပ်သည် တမီးလ်ကျားသူပုန်များလက်ချက်ပင်ဖြစ်ကြောင်း ဗိုလ်မှူးချုပ် ဥဒယားနာနာယကရာက စွပ်စွဲပြောကြားသည်။

အစိုးရတပ်ဖွဲ့များက နိုင်ငံ၏ အရှေ့မြောက်ဖျားဒေသ၌ ကျားသူပုန်များကိုဖိ၍ တိုက်ခိုက်နေချိန်တွင် မာတာရာခရိုင်တွင် အဆိုပါတိုက်ခိုက်မှု ပေါ်ပေါက်လာခြင်းဖြစ်သည်။ လက်ရှိအခြေအနေတွင် အစိုးရတပ်ဖွဲ့များသည် ဧရိယာအားဖြင့် ၄၅ စတုရန်းကီလိုမီတာ ကျယ်သောမြေနေရာ၌ သူပုန်များကို ဝိုင်းပတ်ပိတ်ဆို့ထားပြီဖြစ်၍ မကြာမီအချိန်တွင် သူပုန်များ နိဂုံးချုပ်တော့မည်ဟုဆိုသည်။

တနင်္လာနေ့နှင့်အင်္ဂါနေ့များတွင် အစိုးရတပ်ဖွဲ့များက ကျားသူပုန်များ ထိန်းချုပ်ထားရာနေရာကို အမြောက်များဖြင့် ပစ်ခွင်းခဲ့သည့်အတွက် အရပ်သူ၊ အရပ်သား ၇၄ဦး သေဆုံးပြီး ၁၀၀ ကျော် ဒဏ်ရာရရှိသွားသည်ဟု သူပုန်လိုလားသော ဝက်ဘ်ဆိုက်မှ လွှင့်တင်ထားသည့်သတင်းတွင် ဖော်ပြသည်။ ***အင်တာနက်။***

နိုင်ငံတကာသတင်းမှတ်စု

အနာဂတ်လက်နက်ထိန်းချုပ်ရေးစာချုပ် ယာဉ်များပါ ကန့်သတ်ရမည်ဟုဆို

အနာဂတ်ကာလ လက်နက်ထိန်းချုပ်ရေး စာချုပ်များတွင် နျူထိပ်ဖူးအရေအတွက်ကိုသာ ကန့်သတ်ခြင်းမပြုဘဲ သယ်ဆောင်သော မဟာဗျူဟာမြောက်ပို့ဆောင်ရေးယာဉ်များ၏ အရေအတွက်ကိုပါ ကန့်သတ်သင့်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂီလက်ရော့ဗ်က ဂျီနီဗာတွင် မတ် ၈ ရက်က ပြောကြားသည်။

အမေရိကန်-ဆီးရီးယားဆွေးနွေးပွဲ အပြုသဘောဆောင်

ဆီးရီးယားနိုင်ငံ ဒမတ်စကပ်မြို့တွင် မတ် ၈ ရက်က ကျင်းပသော အမေရိကန်ပြည်ထောင်စုနှင့် ဆီးရီးယားနိုင်ငံတို့၏ တွေ့ဆုံဆွေးနွေးမှုသည် အပြုသဘောဆောင်ကြောင်း အမေရိကန်ထိပ်တန်း တာဝန်ရှိသူတစ်ဦးက သတင်းထောက်များအား ပြောကြားသည်။သို့သော်အသေးစိတ်အချက်အလက်များကိုမူ ပြောကြားခြင်းမပြုပေ။

အမေရိကန်၊ တောင်ကိုရီးယားစစ်ရေးလေ့ကျင့်၊ မြောက်ကိုရီးယားတပ်လှန့်ထား

အမေရိကန်ပြည်ထောင်စုနှင့် တောင်ကိုရီးယားတပ်ဖွဲ့များသည် မတ် ၉ ရက်တွင် နှစ်စဉ်ပြုလုပ်မြဲဖြစ်သော စစ်ရေးလေ့ကျင့်မှုကို စတင်သဖြင့် မြောက်ကိုရီးယားနိုင်ငံသည် ၎င်း၏ လက်နက်ကိုင်တပ်ဖွဲ့များအားလုံးကို ရာနှုန်းပြည့် တပ်လှန့်ထားကြောင်း မြောက်ကိုရီးယားသတင်းဌာန (ကေစီအန်အေ)က ကြေညာသည်။

တူရကီ၌ စစ်ဘက်ရဟတ်ယာဉ်ပျက်ကျ

တူရကီနိုင်ငံအလယ်ပိုင်းတွင် မတ် ၇ ရက်က စစ်ဘက်ရဟတ်ယာဉ် တစ်စင်းပျက်ကျရာ ဗိုလ်ကြီးအဆင့်ရှိတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်း အနာတိုလီယာ သတင်းဌာနက ဖော်ပြသည်။

အဆိုပါရဟတ်ယာဉ်သည် တူရကီနိုင်ငံ အရှေ့ပိုင်းမာလတ်ယာပြည်နယ်မှ ဒေသစံတော်ချိန် နံနက် ၁၁နာရီ ၁၅မိနစ်က ပျံတက်ခဲ့ပြီးနောက် တူရကီနိုင်ငံ အလယ်ပိုင်း ကေဆာရီပြည်နယ် ပီနာဘာဆီမြို့ ဘူယော့ကေလက်ဒေသ၌ ပျက်ကျခဲ့ခြင်းဖြစ်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများ ဒေါ်လာ ၇၀၀ ဘီလီယံ လိုမည်

ချမ်းသာသောနိုင်ငံများသည် ကမ္ဘာ့အရောင်းအဝယ် ထိုးကျသွားခြင်းကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ရင်းနှီးငွေကို အပြိုင်အဆိုင် ရှာဖွေလာကြခြင်းနှင့် ကုန်သွယ်ရေးမှဝင်ငွေ တစ်စတစ်စ လျော့ပါးလာခြင်းတို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဘဏ္ဍာရေးလိုအပ်ချက်သည် အမေရိကန်ဒေါ်လာ ၂၇၀ ဘီလီယံမှ ၇၀၀ ဘီလီယံအထိရှိလာနိုင်ကြောင်း ကမ္ဘာ့ဘဏ်က မတ် ၈ ရက်က ပြောကြားသည်။

အီရန် တာဝေးပစ်ဒုံးကျည် စမ်းသပ်

အစ္စရေးနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့အပါအဝင် ရန်သူနိုင်ငံများက မည်သို့တိုက်ခိုက်ခြင်းကိုမဆို တွန်းလှန်ရန် ဆုံးဖြတ်ချက်ချထားကြောင်းကို ပြသရန်အတွက် အီရန်နိုင်ငံက စစ်ရေးလေ့ကျင့်ခြင်းများနှင့် ဒုံးပျံများ စမ်းသပ်ပစ်လွှတ်ခြင်းကို မကြာခဏ ပြုလုပ်လျက်ရှိရာ တာဝေးပစ် ဒုံးပျံအသစ်တစ်စင်းကို စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း ပရက်(စ်)တီဗွီရုပ်မြင်သံကြားလိုင်းက တနင်္ဂနွေနေ့တွင် ကြေညာသည်။

ဖိလစ်ပိုင် လုံခြုံရေးတပ်ဖွဲ့ အမြင့်ဆုံး တပ်လှန့်ထား

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မင်ဒါနာအိုဒေသတွင် အန်ပီအေသူပုန်အဖွဲ့ ခေါင်းဆောင် လီယိုနာဒိုပီတာအို၏သမီး ကျောင်းဆရာမအသက် ၂၁ နှစ်ရှိ ရိုဘဲလ်ဘွန်ပီတာအိုအား အမည်မသိ သေနတ်သမားများက ပြန်ပေးဆွဲ သတ်ဖြတ်ခဲ့ခြင်းကြောင့် ဖိလစ်ပိုင်အစိုးရ လုံခြုံရေးတပ်ဖွဲ့များအား အမြင့်ဆုံးတပ်လှန့်ထားသည်။

၂၀၀၉ခုနှစ်တွင် ဗြိတိန်နိုင်ငံစီးပွားရေး ၂ ဒသမ ၈ ရာခိုင်နှုန်းကျုံ့ဝင်မည်

ဗြိတိန်နိုင်ငံ၏ ၂၀၀၉ခုနှစ် စီးပွားရေးကျဆင်းမှုအခြေအနေသည် မူလက ခန့်မှန်းထားသည်ထက်ပင်ဆိုး ရွားစရာရှိသည်ဟု ဗြိတိန်ကုန်သည်ကြီးများအသင်းက မတ် ၉ရက်တွင်ပြောကြားသည်။ အစပထမက ဇန်နဝါရီလအတွက် စီးပွားရေးကျုံ့ဝင်မှုအခြေအနေသည် ၂ ဒသမ ၂ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းခဲ့သော်လည်း နောက်ဆုံး ရရှိသောစာရင်းများအရ စီးပွားရေးကျုံ့ဝင်မှုသည် ၂ ဒသမ ၂ရာခိုင်နှုန်းအထိရှိမည်ဖြစ်ကြောင်း ကျွမ်းကျင်သူများက ခန့်မှန်းသည်။ ထိုသို့ဖြစ်ရခြင်းမှာ စားသုံးသူများ၏ သုံးစွဲမှုနှင့် ရင်းနှီးမြှုပ်နှံမှု သိသာစွာကျဆင်းသွားသောကြောင့်ဖြစ်သည်ဟုဆိုသည်။

ပင်လယ်နီအတွင်း သင်္ဘောနစ်၊ နှစ်ဦးသေ

ဆီလီကာတန်ချိန် ၆၅၀၀ တင်ဆောင်လာသော အိုင်ဘီအန် "ဘတ်တူတာ" အမည်ရှိ ကုန်သင်္ဘောတစ်စင်းသည် မတ် ၉ ရက်က ရာသီဥတု ဆိုးရွားသဖြင့် ပင်လယ်နီအတွင်း၌ နစ်မြုပ်သွားရာ သင်္ဘောသား ၁၀ ဦးကို ကယ်တင်နိုင်ခဲ့ပြီး နှစ်ဦးသေဆုံးကာ ၁၄ ဦး ပျောက်ဆုံးနေကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရှိရသည်။

စုစည်းတင်ပြသူ-သန်းလွင်

စီးပွားရေးအကျပ်အတည်းကို အိန္ဒိယမိုဘိုင်းလ်ဖုန်းဈေးကွက် အန်တုနေဆဲ

နယူးဒေလီ မတ် ၁၁

စီးပွားရေးလုပ်ငန်းများ မှေးမှိန်ကျဆင်းနေသည့်ကြားမှပင် လက်ကိုင်ဖုန်းဈေးကွက်ပြိုင်ဘက်များနှင့် အပြင်းအထန် ယှဉ်ပြိုင်သည့်အနေဖြင့် ကမ္ဘာ့ဖုန်းခေါ်ဆိုခနှုန်း အချိုသာဆုံးပေးနေသော အိန္ဒိယမိုဘိုင်းလ်ဖုန်းလုပ်ငန်းသည် ယခုတိုင် စန်းပွင့်နေဆဲလုပ်ငန်းတစ်ခုဖြစ်သည်။

အိန္ဒိယနိုင်ငံ၏ စီးပွားရေးတိုးတက်မှု အနှေးကွေးဆုံးအချိန်ကို စီးပွားရေးပညာရှင်များက အနီးကပ်လေ့လာသုံးသပ်နေစဉ်၌ပင် မိုဘိုင်းလ်ဖုန်းဈေးကွက်တွင် လစဉ်တိုးတက်မှု အမြင့်ဆုံးရှိနေသည်။ ဇန်နဝါရီလတွင် ကြိုးမဲ့ဖုန်းအသုံးပြုသူ ၁၅ ဒသမ ၄ သန်းရှိကြောင်း နောက်ဆုံးတရားဝင်စာရင်းများအရ သိရသည်။

အခွန်အခအနည်းဆုံးနှင့် ယှဉ်ပြိုင်မှုအမြင့်ဆုံး ဖြစ်နေသည့် မိုဘိုင်းလ်ဖုန်းဈေးကွက်ကို အိန္ဒိယက ကိုယ်စားပြုဖော်ပြနေကြောင်း အိန္ဒိယသတင်းဌာနသို့ ပြောကြားသည်။ ကမ္ဘာ့အမြန်ဆုံး မြင့်မားတိုးတက်လာသော ဆယ်လူလာဈေးကွက်တွင် အိန္ဒိယလူမျိုးများ မိုဘိုင်းလ်ဖုန်းများစွာ အသုံးပြုခြင်းသည် လွန်ခဲ့သည့်နှစ် ဧပြီလက တရုတ်ပြည်သူတို့၏ မိုဘိုင်းလ်ဖုန်း သုံးစွဲမှုကို ကျော်လွန်သွားသည်။

အင်တာနက်။

အီရတ်မှ အမေရိကန်တပ်ဖွဲ့ဝင် ၁၂၀၀၀ ခြောက်လအတွင်း ရုပ်သိမ်းမည်

ဘဂ္ဂဒက် မတ် ၁၁

အမေရိကန် ပြည်ထောင်စုသည် လာမည့်ခြောက်လအတွင်း အီရတ်နိုင်ငံ၌ တပ်စွဲထားသော တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်ဦးရေ ၁၂၀၀၀ ကို လျှော့ချသွားမည်ဖြစ်ကြောင်း အမေရိကန်စစ်ဘက်က မတ် ၉ ရက်နေ့တွင် ပြောကြားသည်။ တပ်မဟာနှစ်တပ်ကို အထောက်အကူပြု တပ်ဖွဲ့များနှင့်အတူ လာမည့်ခြောက်လအတွင်း ရုပ်သိမ်းရန် စီစဉ်ထားပြီးဖြစ်ကြောင်း အမေရိကန်စစ်ဘက် ကြေညာချက်တွင် ဖော်ပြထားသည်။ အီရတ်နိုင်ငံ၌ ချထားသော တပ်မဟာ ၁၄ ခုမှ ၁၂ ခုသို့ လျှော့ချခြင်းဖြစ်ပြီး တပ်ဖွဲ့ဝင်အရေအတွက် ၁၄၀၀၀၀ အနက်မှ ၁၂၀၀၀ လျှော့ချခြင်းဖြစ်သည်ဟု တာဝန်ရှိသူများက ပြောသည်။

သမ္မတ ဘားရက်အိုဘားမားက တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်အားလုံးကို အီရတ်နိုင်ငံမှ ၂၀၁၀ ပြည့်နှစ် ဩဂုတ်လ နောက်ဆုံးထား၍ ရုပ်သိမ်းရန် စီစဉ်လျက်ရှိသည်။

အမေရိကန်-အီရတ် လုံခြုံရေးစာချုပ်အရ အမေရိကန်တို့သည် ၂၀၁၁ခုနှစ် နောက်ဆုံးထား၍ အီရတ်နိုင်ငံမှ ထွက်ခွာပေးရမည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဩစတြေးလျနိုင်ငံ ကွင်းစလန်ကမ်းခြေအလွန်တွင် မတ် ၁၁ရက်က ဟာမစ်မုန်တိုင်း တိုက်ခိုက်စဉ် ခုတ်မောင်းသွားသော ပစိဖိတ်အက်ဒဗန်းချား ကုန်သင်္ဘောသည် လှိုင်းဒဏ်ကြောင့် လောင်စာနှင့်ဓာတ်မြေဩဇာများပါသော ကုန်သေတ္တာအချို့ မော်ရီတန်ပင်လယ်ကွေ့၌ ဆုံးရှုံးခဲ့ရသည်။ *(ဓာတ်ပုံ-အင်တာနက်)*

အာကာသသိပ္ပံ

အာကာသအတွင်း ကော်ဇောပုံစီးရန် ဂျပန်အာကာသယာဉ်မှူး စီစဉ်ထား

တိုကျို မတ် ၁၁

ယခုလအတွင်း အာကာသသို့ သွားရောက်မည့် ဂျပန်အာကာသယာဉ်မှူးတစ်ဦးသည် အာကာသအတွင်း နေထိုင်ချိန်အတွင်း ကော်ဇောပျံစီးရန် စီစဉ်ထားကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ကိုအိချိဝါကာတာ အမည်ရှိ အာကာသယာဉ်မှူးသည် အာကာသအတွင်း စမ်းသပ်ချက် ၁၆မျိုးပြုလုပ်ရန် စီစဉ်ထားရာ၌ ကော်ဇောပျံစီးသည့် စမ်းသပ်မှု၊ မြေဆွဲအားကင်းမဲ့သည့် အခြေအနေတွင် မျက်စင်းဆေးရည် အသုံးပြုခြင်းဆိုင်ရာ စမ်းသပ်မှုတို့ ပါဝင်ကြောင်း ဂျပန်လေကြောင်း အာကာသစူးစမ်းလေ့လာရေး အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ဂျပန် လေကြောင်းအာကာသ စူးစမ်းလေ့လာရေး အေဂျင်စီသည် ဂျပန် အာကာသယာဉ်မှူးအနေဖြင့် အာကာသတွင် ပြုလုပ်သင့်သည့် စမ်းသပ်ချက်များနှင့်ပတ်သက်၍ ဂျပန်ပြည်သူများထံမှ အကြံပြုလွှာ ၁၅၉၇ စောင် လက်ခံရရှိခဲ့သည်။

ဝါကာတာသည် နိုင်ငံတကာ အာကာသ စခန်းယာဉ်၏ ဂျပန်သုတေသနဓာတ်ခွဲခန်းသို့ မတ်လနှောင်းပိုင်းတွင် ရောက်ရှိမည်ဖြစ်ပြီး အာကာသအတွင်း သုံးလကျော် နေထိုင်မည်ဖြစ်ကြောင်း အဆိုပါအေဂျင်စီ တာဝန်ရှိသူက ပြောကြားသည်။

အာကာသအတွင်း လူများပျံသန်းနိုင်ခြင်း ရှိမရှိ သိရှိနိုင်ရန် ကော်ဇောပျံစီးသည့် စမ်းသပ်မှုကို ပြုလုပ်မည်ဖြစ်ကြောင်း၊ အာကာသအတွင်း၌ ဂျပန်အာကာသယာဉ်မှူး၏ စမ်းသပ်ချက်များကို ဗီဒီယိုမှတ်တမ်းရိုက်ကူးထားကာ ဂျပန် ရုပ်မြင်သံကြားဌာနများက ထုတ်လွှင့်ပြသပေးမည်ဖြစ်ကြောင်း သိရသည်။

အသက် (၄၅)နှစ်ရှိ ဝါကာတာသည် ဂျပန်လေကြောင်း အင်ဂျင်နီယာတစ်ဦးဖြစ်ပြီး ၁၉၉၆ ခုနှစ်နှင့် ၂၀၀၀ ပြည့်နှစ်တို့တွင် နာဆာအာကာသလွန်းပြန်ယာဉ် ခရီးစဉ်များဖြင့် အာကာသသို့ လိုက်ပါခဲ့ဖူးသူဖြစ်သည်။

အင်တာနက်။

ဘာသာပြန်

အောင်သုတ



ကီဘို(မျှော်လင့်ချက်)ဟု အမည်ပေးထားသော ဂျပန်အာကာသသုတေသနယာဉ် တစ်စိတ်တစ်ဒေသကို နိုင်ငံတကာ အာကာသစခန်းယာဉ်တွင် တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း မင်ဒါ နာအိုအောတွင် တိုက်ပွဲများအား ရှောင်ရှားကာ ထွက်ပြေးလာကြသူ ဒုက္ခသည်များအတွက် ကယ်ဆယ်ရေးပစ္စည်းများ ပေးဝေနေသည့် စခန်းကို မတ် ၇ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဒဏ်ရာရရှိထားသော ငါးဖမ်းသမားကို ရဟတ်ယာဉ်ဖြင့် ကယ်တင်ခဲ့

ကျိန်နန် မတ် ၁၁

တရုတ်နိုင်ငံတွင် ဒဏ်ရာပြင်းထန်စွာ ရရှိထားသော ငါးဖမ်းသမားတစ်ဦးကို တရုတ်နိုင်ငံ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနမှ စေလွှတ်ထားသော ကယ်ဆယ်ရေး ရဟတ်ယာဉ်ဖြင့် ကယ်တင်ခဲ့သည်ဟု အင်တာနက်သတင်း၌ ဖော်ပြထားသည်။နိုင်ငံတကာရေပိုင်နက်တွင် ရှန်တုန်ပြည်နယ် ဝေဟိုင်ဒေသ၌ မှတ်ပုံတင်ထားသော သင်္ဘောဖြင့်ငါးဖမ်းနေစဉ် အဆိုပါငါးဖမ်းသမား၏ လက်တစ်ဖက် ကျိုးသွားခဲ့သည်။

သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန အီဟိုင် အမှတ်-၁ ကယ်ဆယ်ရေး လေကြောင်းလိုင်းမှ နံနက် ၉ နာရီခွဲတွင် အကူအညီတောင်းချက်ကို ရရှိပြီးနောက် တရုတ်မြောက်ပိုင်း ပင်လယ်နယ်စပ်ဒေသများသို့ ရဟတ်ယာဉ်နှင့် လေယာဉ်တစ်စင်း ချက်ချင်းစေလွှတ်ခဲ့သည်။ ညနေ ၃ နာရီ ၁၅ မိနစ်တွင် ကယ်ဆယ်ရေးသမားများက အဆိုပါသင်္ဘောကို ရှာဖွေတွေ့ရှိခဲ့ပြီး ၁၀ မိနစ်အတွင်းမှာပင် ဒဏ်ရာရရှိထားသူ ငါးဖမ်းသမားကို ကယ်ဆယ်ခေါ်ဆောင်နိုင်ခဲ့သည်။ ဝေဟိုင်လေဆိပ်တွင် ကယ်ဆယ်ရေးရဟတ်ယာဉ် ဆင်းသက်ခဲ့ပြီးနောက် ငါးဖမ်းသမားကို ဆေးရုံသို့တင်ပို့ခဲ့သည်ဟု သတင်း၌ ဖော်ပြထားသည်။

အင်တာနက်။

ကြေးမုံ The Mirror

နိုင်ငံတကာ သတင်းများ

ဂျပန်နိုင်ငံ တိုကျိုမြို့၏ ကမ်းလွန်ပင်လယ်ပြင်တွင် တောင်ကိုရီးယား ကုန်တင်သင်္ဘောနှင့် တိုက်မိမှုဖြစ်ပွားသော ပနားမားမှတ်ပုံတင် ဆိုင်းနပ်အေ့စ် ကုန်တင်သင်္ဘောကို မတ် ၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တိုကျိုမြို့ အနောက်တောင်ရေပြင်တွင် သင်္ဘောနှစ်စင်း တိုက်မိ

တိုကျို မတ် ၁၁

ပနားမားတွင် မှတ်ပုံတင်ထားသော ကုန်သင်္ဘောတစ်စင်းနှင့် တောင်ကိုရီးယားအလံ လွှင့်ထူထားသော ကုန်သင်္ဘောတစ်စင်းတို့သည် အင်္ဂါနေ့က တိုကျိုမြို့ အနောက်တောင်ဘက် ကီလိုမီတာ ၁၂၀ အကွာ ရေပြင်တွင် တိုက်မိမှုဖြစ်ပွားကြောင်း ဂျပန်နိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားသည်။

တန်ချိန် ၄၂၅၅ တန်ရှိသော တောင်ကိုရီးယားသင်္ဘောပေါ်တွင် တောင်ကိုရီးယားနိုင်ငံသားခုနစ်ဦးနှင့် အင်ဒိုနီးရှားနိုင်ငံသားကိုးဦးတို့ လိုက်ပါလာသည်။ ထိုသင်္ဘောသည် သင်္ဘောသား ၁၉ဦးလိုက်ပါလာသော တန်ချိန် ၁၀၈၃၃ တန်ရှိသည့် ဆိုင်းနပ်အေ့စ် သင်္ဘောနှင့် တိုက်မိပြီးနောက် ကမ်းခြေစောင့်တပ်ဖွဲ့နှင့် အဆက်အသွယ်ပြတ်သွားသည်ဟု ကမ်းစောင့်တပ်ဖွဲ့က ပြောကြားသည်။ တောင်ကိုရီးယားသင်္ဘောသည် တိုက်မိမှုဖြစ်ပွားပြီးနောက် နစ်မြုပ်သွားဟန်ရှိသည်ဟု ဆိုသည်။

အင်တာနက်။

ဂြိုဟ်တုစမ်းသပ်ပစ်လွှတ်မှုကို ကြားဖြတ်ပစ်ချပါက စစ်ဖြစ်မည်ဟု မြောက်ကိုရီးယား ခြိမ်းခြောက်

ဆိုးလ် မတ် ၁၁

မြောက်ကိုရီးယားသည် မတ် ၉ ရက်တွင် လက်နက်ကိုင်တပ်ဖွဲ့များကို အသင့်အနေအထားသို့ တပ်လှန့်ထားလိုက်ပြီး ၎င်း၏ ဂြိုဟ်တုစမ်းသပ်ပစ်လွှတ်ခြင်းကို နိုင်ငံတစ်နိုင်ငံက ကြားဖြတ်ပစ်ချရန် ကြိုးစားခဲ့လျှင် "စစ်" ဖြစ်မည်ဟု ခြိမ်းခြောက်လိုက်သည်။

ပြုံယမ်းက တောင်ကိုရီးယားနှင့်အရေးပေါ် တိုက်ရိုက်ဆက်သွယ်ထားသည့် စစ်ဘက်ဆိုင်ရာ ဖုန်းလိုင်းကိုလည်း ဖြတ်တောက်လိုက်သည်။ နယ်စပ်ကို လုံးဝပိတ်ပစ်လိုက်သည့်အတွက် မြောက်ကိုရီးယားနယ်စပ်မြို့ ကေးဆောင်စက်မှုဇုန်၌ အလုပ်လုပ်နေကြသော တောင်ကိုရီးယားလုပ်သား ရာပေါင်းများစွာမှာ သောင်တင်လျက်ရှိသည်။

အမေရိကန်နှင့် တောင်ကိုရီးယားတပ်ဖွဲ့များသည် တောင်ကိုရီးယား၌ ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်မည့်ကိစ္စကြောင့် ယခုကဲ့သို့ မြောက်ကိုရီးယား၏ ခြိမ်းခြောက်မှု ပေါ်ထွက်လာခြင်းဖြစ်သည်။ ယင်းလေ့ကျင့်မှုကို မြောက်ကိုရီးယားက ၎င်းအား ကျူးကျော်ရန် ပြင်ဆင်ခြင်းဖြစ်သည်ဟု ရှုတ်ချထားသည်။

အင်တာနက်။

တိမ်စင်ဝင်းပ ရွှန်းမြမြ ရွှေမန္တလေးမှာသာတဲ့လ

ဒေါက်တာနီလာသိန်း(လင်းရောင်သစ်)

၂၀၀၉ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့။ ဤနေ့သည် မန္တလေးမြို့သူမြို့သားများအတွက် ကျက်သရေမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံသော နေ့တစ်နေ့ပေါ်ဖြစ်သည်။ 'အောင်ကျော်ချမ်းအေး မန္တလေး'. . . .'အင်ကြင်းကြာငုံ ရတနာပုံ' ဟု အမှတ်သညာပြုခဲ့ကြသည့် ရတနာပုံ ရွှေမြို့တော်ကြီး၏ နှစ် (၁၅၀)ပြည့်မြောက်ခဲ့သည့် အချိန်ကာလနှင့်လည်း ကိုက်ညီနေပြန်သလို ရှေးယဉ်ကျေးမှုအမွေအနှစ်များ၊ ကျုံးမြို့ရိုး၊ တန်ဆောင်း၊ ပြာသာဒ်များစသည့် ရှေးမူနန်းဆန်ကြငှန်းဆန်လှသည့် အလှတရားများကလည်း မန္တလေး၏ ဂုဏ်ကို ပိုမိုဝင့်ထည်နေစေပေသည်။

ထို့အတူ ဤနေ့ ဤရက်သည် မန္တလေးမြို့၏ ကျန်းမာရေးကဏ္ဍသစ်တစ်ရပ်ကို အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့သောကြောင့် ကျန်းမာရေးဝန်ကြီးဌာနအတွက်လည်း သမိုင်းတွင်ကျန်ရစ်မည့် ထူးခြားခမ်းနားသည့်နေ့ဟုလည်း ဆိုရမည်ဖြစ်သည်။ ကျန်းမာရေးသည် လူတိုင်းအတွက် အဓိက လိုအပ်ချက်တစ်ရပ်ဖြစ်သလို ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများ အသက်ရှည်ကျန်းမာစွာ နေထိုင်ရေး၊ ရောဂါဘယကင်းရှင်းရေးတို့အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်ဖြည့်ဆည်း ပေးလျက်ရှိပါသည်။ ဆေးရုံဆေးခန်းများကိုလည်း တိုးချဲ့ဆောက်လုပ်လျက်ရှိရာ ၁၉၈၈ ခုနှစ်တွင် ဆေးရုံပေါင်း ၆၃၁ရုံ ၂၀၀၉ခုနှစ်အထိ ဆေးရုံပေါင်း ၈၄၆ ရုံအထိ တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။ ပြည်သူ့လူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင်လည်း ပြည်ထောင်စုတစ်ဝန်းလုံး၊ နယ်မြေဒေသ အကြားအလပ်မရှိစေဘဲ၊ မြို့ပြနှင့်ကျေးလက်၊ ပြည်နယ်ပြည်မ ကွာဟချက်များ နည်းပါးနိုင်ရန် အထူးကု ဆရာဝန်ကြီးများအနေဖြင့် ကျေးလက်ဒေသအထိ ကွင်းဆင်းဆောင်ရွက်ခဲ့ကြရာ ကျေးလက်နေပြည်သူတို့၏ ကျန်းမာရေးကဏ္ဍကို မြှင့်တင်ပေးနိုင်ကြပါသည်။

ဤသို့ဖြင့် ၂၀-၂-၂၀၀၉ မှ ၂၃-၂-၂၀၀၉ နေ့အထိ မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံမှ ဆရာဝန်ကြီးများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မန္တလေးမြို့၌ ကျင်းပပြုလုပ်ခဲ့ရာ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံကြီးတွင် မျက်စိဝေဒနာရှင်များကိုလည်းကောင်း၊ မန္တလေးပြည်သူ့ဆေးရုံကြီးတွင် နှလုံးရောဂါ၊ အရိုးရောဂါ၊ ဆီးချိုရောဂါ၊ ခွဲစိတ်ရောဂါနှင့် အထွေထွေရောဂါများအတွက် စမ်းသပ်စစ်ဆေးကုသမှုများ ပေးခဲ့ကြသည်။

အထူးကုအဖွဲ့တွင် စင်ကာပူနိုင်ငံနှင့် မြန်မာနိုင်ငံမှ မျက်စိအထူးကုဆရာဝန်ကြီးများ၊ အရိုးအထူးကု ဆရာဝန်ကြီးများ ပူးပေါင်း၍ အခမဲ့ စမ်းသပ်ကုသမှုများပေးခဲ့ကြရာ မန္တလေးတိုင်းအတွင်းရှိ မြို့နယ်များမှပြည်သူများအတွက် နိုင်ငံတကာအဆင့်မီ ကျန်းမာရေးကုသမှုများ ခံယူနိုင်ခဲ့ကြပြီဖြစ်၍ ထူးခြားသည့်အခွင့်အရေးတစ်ရပ်ကို ရရှိခဲ့သည့်နေ့ဟု ဆိုရခြင်းဖြစ်ပါသည်။ ကျွန်မတို့ကျန်းမာရေးဝန်ထမ်းများအနေဖြင့် အမိနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသား ဆွေမျိုးသားချင်းများအားလုံး အသက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရေးအတွက် စေတနာရှေ့ထား၍ ဆောင်ရွက်ပေးကြရမည်ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့်လည်း ရန်ကုန်နှင့် မန္တလေး တစ်ပြေးညီဖြစ်ရေးအတွက် မန္တလေးမြို့တွင် နိုင်ငံတကာအဆင့်မီ ကလေးအထူးကုဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ တီဘီရောဂါ အထူးကုဆေးရုံကြီး၊ မူးယစ်နှင့် စိတ်ရောဂါကု ဆေးရုံကြီး၊ တိုင်းရင်းဆေးရုံကြီး၊ သံဃာ့ဆေးရုံ စသည်ဖြင့် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်သည့်အပြင် ခုတင်(၂၀၀) ဆံ့ အရိုးအထူးကုဆေးရုံကြီးကိုလည်း မကြာမီ ဖွင့်လှစ်တော့မည်ဖြစ်သည်။ ကျွမ်းကျင်ပညာရှင်များ၊ ခေတ်မီစက်ကိရိယာများ၊ ခေတ်ခွဲခန်းများ၊ ခေတ်မှန်ခန်းသုံး အဆင့်မြင့်ပစ္စည်းများကိုလည်း တပ်ဆင်ထားရှိခဲ့ပြီးဖြစ်ပါသည်။

ဤသို့ဖြင့် ၂၀-၂-၂၀၀၉ရက်တွင် စေတနာရှင်၊ အလှူရှင်များပါဝင်လှူဒါန်းခဲ့ကြသည့် မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး ငါးထပ်ဆေးကုသဆောင်သစ်ကြီးကို စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်နိုင်ခဲ့ကြရာ အားလုံးလက်တွဲညီညီ ဟန်ချက်ညီညီ စုပေါင်းအားကို မီးမောင်းထိုးပြနိုင်ခဲ့သည့် မဟာအောင်ပွဲကြီးပင် ဖြစ်ခဲ့ရပေသည်။ ထို့အတူ မြန်မာ-စင်ကာပူဝန်ကြီးများ ပူးပေါင်းဆောင်ရွက်သည့် ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်တွင် မန္တလေး၊ အမရပူရ၊ စစ်ကိုင်း၊ ပုသိမ်ကြီး၊ မတ္တရာ၊ ကန့်ဘလူ၊ ငါးခွန်၊ မြင်းမူ၊ မလှိုင်၊ ထီးချိုင့်မြစ်ကြီးနားစသည့်တို့မှ လာရောက်ပြသခဲ့ကြရာ နှလုံးရောဂါဝေဒနာရှင် ၅၂၃ဦး၊ အရိုးရောဂါ၅၁၀၊ ဆီးချိုရောဂါရှင် ၁၃၃၉ဦး၊ ခွဲစိတ်ရောဂါ၇၂၇ဦး၊ အထွေထွေရောဂါ ၁၁၃၉ ဦးတို့ကို ကြည့်ရှုစစ်ဆေး၍ ကုသမှုများပေးနိုင်ခဲ့ကြသည်။

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်တိုင် ဦးဆောင်၍ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခများ၊ ဆေးရုံအုပ်ကြီးများ၊ အထူးကုဆရာဝန်ကြီးများနှင့်အတူ ရောဂါအလိုက် စနစ်တကျကုသမှုများ ပေးနေကြပုံမှာလည်း မကြုံစဖူး ထူးကဲသည့် မြင်ကွင်းတစ်ရပ်ပင်ဖြစ်သည်။

ဆီးချိုရောဂါ၊ အရိုးရောဂါနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ဆရာဝန်ကြီးများက စစ်ဆေးကုသပေးခဲ့ကြရာ ငါးထပ်ဆေးကုသဆောင်သစ်ကြီးတစ်ခုလုံး ခြေချစရာနေရာမရှိအောင် ကြက်ပျံမကျ ဖြစ်နေခဲ့ရသည်။

အလားတူ မျက်စိ၊ နား၊နှာခေါင်း၊ လည်ချောင်းဆေးရုံကြီးတစ်လုံး၌လည်း လာရောက်ပြသသူများနှင့် ပြည့်နှက်နေပြီး ပြင်ပလူနာကြည့်ရှုသည့်နေရာ၊ လူနာရွေးချယ်စစ်ဆေးခြင်း၊ မျက်မှန်ပါဝါစမ်းသပ်ခြင်း၊ မခွဲစိတ်မီ ဆီးချို၊ သွေးတိုးစစ်ဆေးခြင်း၊ မျက်တွင်းမှန်ပါဝါတိုင်းတာခြင်းများ၊ အသေးစားခွဲစိတ်ခန်းစသဖြင့် စနစ်တကျရှိနေခဲ့ကာ စင်ကာပူ မျက်စိဆရာဝန်များ၏ "ရေတိမ်ရောဂါဝေဒနာရှင်များကို ခေတ်မီစက်ကိရိယာများဖြင့် စစ်ဆေးကုသခြင်း" ကို ဆေးရုံအုပ်ကြီးနှင့် မျက်စိအထူးကုဆရာဝန်ကြီးများမှ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြပါသည်။ ခွဲစိတ်ခန်းမကြီးအတွင်းတွင် ခွဲစိတ်ခုတင် ၁၀ခု စီစဉ်ထားရှိပြီး မန္တလေး၊ စစ်ကိုင်း၊ မိတ္ထီလာ၊ မင်းဘူး၊ စဉ့်ကိုင်မြို့မှ မျက်စိဆရာဝန်ကြီးများမှ စမ်းသပ်ခွဲစိတ်ပေးခဲ့ကြရာ ပြင်ပလူနာပေါင်း ၂၅၄၄ဦး၊ အတွင်းတိမ်၊ ရေတိမ်လူနာ ၅၉၈ဦး၊ အသေးစား ခွဲစိတ်မှု ၁၇၇ဦး စုစုပေါင်း ၇၇၅ ဦးတို့ကို အောင်မြင်စွာ ခွဲစိတ်ပေးနိုင်ခဲ့ကြသည်။ ခွဲစိတ်ခန်းအဝတွင် မိမိအလှည့်ကိုစောင့်ဆိုင်းနေကြသည့် အဘိုးအို၊ အဘွားအိုများကို ယုယကြင်နာစွာ နှုတ်ဆက်အားပေးနေသည့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ ပီတိမျက်နှာ၊ အပြုံးများကြောင့် လာရောက်ပြသသူများ၊ လူနာစောင့်များအားလုံး ပျော်ရွှင်တက်ကြွ အားရကျေနပ်နေခဲ့ကြသည်။

ခွဲစိတ်ပြီးလူနာများထံမှ "မြင်ရပါပြီသားရယ် ဝမ်းသာလွန်းလို့ ဘာပြောရမှန်းတောင် မသိတော့ပါဘူး"ဟုဆိုကာ မျက်ရည်တလည်လည်ဖြင့် ဝမ်းသာလုံးဆို့နေရှာသည့် ရိုးသားလှသော အညာသူ အညာသားကြီးများ၏ ပျော်ရွှင်မှုများက ကျွန်မတို့ထံသို့ ကူးစက်လာခဲ့ရပြန်သည်။ခွဲစိတ်ပြီး လူနာများကို မျက်စဉ်းများ၊ နေကာမျက်မှန်များ ကိုင်ဆုပ်ပြီး "မတ္တရာမြို့နယ်ကပါတော်၊ အသက်(၈၁) နှစ်ရှိပြီတော့၊ အမေကြီး မျက်စိမမြင်တာလေ အနှစ်(၂၀) ကျော်ခဲ့ပါပြီသားရယ် ဟော ခုတော့လေ မြင်လိုက်ပုံများ လင်းလို့ ဝင်းလို့-အိုကွယ် ကျေးဇူးတင်လိုက်တာသားရယ်" ဟု နှုတ်မှ မရပ်မနားပြောရင်း လက်ခုပ်လက်ဝါး တဖြောင်းဖြောင်းတီးပြီး ရုတ်တရက် ထကလိုက်ရာ ကျွန်မတို့အားလုံး တအံ့တသြနှင့် မှင်တက်နေမိခဲ့ကြသည်။ နှစ်ပေါင်း ၂၀ကြာ အလင်းရောင်ကွယ်ပျောက်ခဲ့ရာမှ ယခုလို ပတ်ဝန်းကျင်လောကကြီးကို ရုတ်တရက် မြင်တွေ့လိုက်ရသည့်အခါ ငယ်မူပြန်သွားရရှာသော မတ္တရာသူ အမေကြီးဒေါ်ခင်ကြည်၏ ရင်တွင်းလိုက်ခတ် ပီတိစာတ်များက ဘေးမှ ကြည့်နေသူ ကျွန်မတို့အားလုံး မျက်ရည်များပင် စို့ခဲ့ရတော့သည်။

အလင်းရောင်ဟူသည် မည်မျှတန်ဖိုးရှိပါသနည်း။ ဘဝဟောင်းမှ စိတ်သစ်၊ လူသစ်၊ ဘဝသစ်၊ လောကသစ်သို့ ပြောင်းလဲဖော်ဆောင်ပေးနိုင်စွမ်းသလို၊ အဆိုပါစက္ခုအလင်းမှသည် ပညာအလင်း၊ ဘဝအလင်း၊ ဓမ္မအလင်း တို့အထိ ပို့ဆောင်ပေးခဲ့ပုံများက ကျွန်မအတွေးဝယ် လင်းလက်လာခဲ့ရပေသည်။ ဇရပ်ကလေးနှင့် အလားသဏ္ဌာန်တူသည့် ဤဆေးရုံကြီးဝယ် ခဏတွေ လာရောက်နားခိုသူများအားလုံး စိတ်ချမ်းမြေ့ အဆင်ပြေနိုင်ရေးအတွက် ကြိုးစားခဲ့ရသည်များ၊ အောင်မြင်ပြီးစီးသွားခဲ့ရ၍ "ဘဝ၏အပျော်ဆုံး"နေ့ရက်များဟု ပြောကြားသွားခဲ့သော မန္တလေးဆေးရုံအုပ်ကြီး၏ စကားသံများကို ကြားယောင်မိရင်းဖြင့် ယနေ့အောင်ပွဲမှသည် လင်းလက်တောက်ပသော နိုင်ငံတော်သစ်ကြီး၏ ကျန်းမာရေးကဏ္ဍကို မြှင့်တင်ကြရာတွင် ကျွန်မတို့အားလုံး ကျရာအခန်းကဏ္ဍမှနေ၍ စည်းလုံးညီညွတ်စွာ ပါဝင်ဆောင်ရွက်ကြရင်းဖြင့် ရှေ့သို့ ခရီးဆက်ကြရမည်သာဖြစ်သည်။

မည်သို့ပင်ဆိုစေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ ဦးဆောင်မှုဖြင့် ကျွန်မတို့ မြန်မာဆရာဝန်ကြီးများ၏ ပြည်သူ့လူထုအကျိုးပြု ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပနိုင်ခဲ့ကြသည့် အောင်ပွဲ တိုက်သံများကဖြင့် မိုးယံထိတိုင် သိမ့်သိမ့်ညံခဲ့ရပေပြီ။ ရတနာပုံ ရွှေမြို့တော် ကြီးတစ်ခုလုံး တိမ်စင်ဝင်းပ ရွှန်းမြမြနှင့်လမင်းတစ်ရာ သာခဲ့ရပါပြီဟု ညွှန်းဆိုမိရင်းဖြင့် ၂၀၀၉ ခုနှစ် မေလတွင်လည်း ဂျပန်-မြန်မာ မျက်စိအထူးကု ဆရာဝန်ကြီးများပူးပေါင်း၍ မျက်စိအခမဲ့ ခွဲစိတ်ကုသမှုလုပ်ငန်းများကို မန္တလေးမြို့တွင် ကျင်းပဦးမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးရင်း နိဂုံးချုပ်လိုက်ရပေတော့သည်။ ။

> အလင်းရောင်ဟူသည် မည်မျှတန်ဖိုး ရှိပါသနည်း၊ ဘဝဟောင်းမှ စိတ်သစ်၊ လူသစ်၊ ဘဝသစ်၊ လောကသစ်သို့ ပြောင်းလဲ ဖော်ဆောင်ပေးနိုင်စွမ်းသလို၊ အဆိုပါ စက္ခုအလင်းမှသည် ပညာ အလင်း၊ ဘဝအလင်း၊ ဓမ္မအလင်းတို့ အထိ ပို့ဆောင်ပေးခဲ့ပုံများက ကျွန်မ အတွေးဝယ် လင်းလက်လာခဲ့ရပေသည်။

Myanmar Masters 2009 ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

ရန်ကုန် မတ် ၁၁

မြန်မာပီဂျီအေကြီးမှူး၍ Air Bagan Ltd. က အဓိက ကူညီပံ့ပိုးကာ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသော Myanmar Masters 2009 ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Pro-AM ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်ရှိ ပန်းလှိုင်ဂေါက်ကလပ်၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)၊ ဥက္ကဋ္ဌ ဦးတေဇ၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းနှင့် ဦးမင်းသိန်း၊ အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်နှင့် အမှုဆောင်များ၊ ပန်းလှိုင်ဂေါက်ကလပ်မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်သည့် အခမ်းအနားကို ညဉ့်၇နာရီတွင် ကျင်းပရာ ဦးတင့်ဦး (IBTC Executive Director) ဒါရိုက်တာက အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် တတိယ စုစုစုလှိုင်၊ ဒုတိယ Miss Jeon Mi OK ၊ ပထမ Miss Lily Yang တို့အား လည်းကောင်း၊ အမျိုးသားတစ်ဦးချင်း ပြိုင်ပွဲတွင်တတိယ Mr. Matt ၊ ဒုတိယ ဦးမင်းသိန်း၊ ပထမ ဝေယံအောင်တို့အားလည်းကောင်း၊ Mr. Frankie Tan က Mens Gross Category တွင် ပထမ Willian Houng Lee အား လည်းကောင်း၊ အမျိုးသားတစ်ဦးချင်း Professional ပြိုင်ပွဲတွင် တတိယ ခင်ဇော်ဝင်း၊ ဒုတိယ Mcintosh Gregory Douglas၊ ပထမ Kin Young Jin တို့အား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌဦးဇော်မင်းက အသင်းလိုက် ပြိုင်ပွဲတွင် Professional Golfer သိန်းဇော်မြင့်၊ အပျော်တမ်း ကစားသမားများ ဖြစ်သော ဝေယံအောင်၊ Lily Yang၊ ခင်ဆွေမင်းတို့ ပါဝင်သော အသင်းက ပဋ္ဌမ၊ Professional Golfer စိန်ပိုင်၊ အပျော်တမ်း ကစားသမားများဖြစ်သော ရန်မျိုးအောင်၊ စိုးကျင်နှင့် သန့်မိုးတို့ပါဝင်သောအသင်းက စတုတ္ထတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတေဇက Professional Golfer လှမျိုး၊ အပျော်တမ်းဂေါက်သီးရိုက်သမားများဖြစ်ကြသော လင်းလင်း၊ စိန်မြင့်အောင်နှင့် ဇော်လင်းထွန်းတို့ ပါဝင်သော အသင်းက တတိယ၊ အပျော်တမ်းဂေါက်သီးရိုက်ကစားသမားပါဝင်ကြသော မင်းလွင်၊ ကျော်မောင်မောင်ဟိန်း၊ ကိုကိုအောင်၊ ရွှေသွင်တို့အသင်းက ဒုတိယရရှိပြီး Professional Golfer Kim Yong Jin၊ ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း)၊ ဦးမင်းသိန်းဦး၊ ချစ်ခိုင်တို့ ပါဝင်သော အသင်းက ပထမ၊ Hole In One ရရှိသော Mr. Matt (Srixon) တို့အား ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြောက်ဥက္ကလာပအမက(၈) အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၁၁

မြောက်ဥက္ကလာပမြို့နယ် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း ပဋ္ဌမ အကြိမ်မြောက် ကျောင်းသားကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို မတ် ၂၉ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဝဇီရာရိပ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အလုပ်ဆော် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ အလျင်မကျွက် တက်ရောက်ကြရန် နှိုးဆော်ထားသည်။

ကန်တော့ပစ္စည်းများနှင့်အလှူငွေများကိုကျောင်းသားဟောင်း ဦးထွန်းထွန်းဦး ဖုန်း-၀၉၅၀၀၉၈၉၇နှင့် ဦးဝင်းနိုင် ဖုန်း-၀၉၅၁၂၉၀၀၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၆၇)



ကြီးကြပ်ဆောင်ရွက်

မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့မဈေး မီးဘေးလုံခြုံရေးအတွက် ဇာတ်တိုက်လေ့ကျင့်ခြင်းကို မြို့နယ်မီးသတ်မော်တော်ယာဉ်ဖြင့် လည်းကောင်း၊ ဈေးအကျိုးဆောင်ပိုင် အပေါ့စားမီးသတ်စက်ဖြင့် ဈေးတွင်း မီးသတ်ရေတုတ်များမှ ရေရယူ၍လည်းကောင်း လေ့ကျင့်မီးသတ်ခြင်းတို့ကို ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးသန်းဇော်၊ မြို့နယ် မီးသတ်ဦးစီးမှူး ဦးသန်းဝင်း၊ ဈေးအကျိုးဆောင်ဥက္ကဋ္ဌ ဦးကျော်လှိုင်နှင့် အဖွဲ့ဝင်များ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

လူငယ်(ရေကြောင်း) ဆရာကန်တော့ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၁

လူငယ်(ရေကြောင်း) ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ ပဥ္စမအကြိမ် ဆရာကန်တော့ပွဲကို မတ် ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဓနုဓမ္မာရုံ၊ ကြားတောရလမ်းမကြီး၊ ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားထားပြီး ဦးအောင်ချိုမင်း ဖုန်း-၂၄၆၄၉၅၊ ၀၉၅၁၆၉၀၄၈၊ ဦးဖုန်းမော် ဖုန်း-၂၄၉၇၄၉၊ ဦးအေးလင်း ဖုန်း-၆၆၇၃၆၅၊ ၀၉-၅၁၀-၄၉၈၃၊ ဦးဇော်ဝင်း ဖုန်း-၂၄၅၉၃၄၊ ၀၉-၅၀၄-၅၆၉၁၊ ဒေါ်ကေသီဦး ဖုန်း-၅၂၄၆၂၈၊ ၀၉-၅၁၀-၄၅၀၄၊ ဒေါ်ခိုင်ခိုင်အေး ဖုန်း-၀၉-၅၀၅၅၁၄၇ နှင့် ဒေါ်ခင်လေးဝေ ဖုန်း-၃၉၄၅၆၂၊ ၀၉-၅၀၅-၄၁၈၃ တို့သို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

အသင်းသားစုံညီ အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၁၁

ခရမ်းမြို့နယ်အသင်း (ရန်ကုန်)၏ အသင်းသားစုံညီ အစည်းအဝေးနှင့် ၂၀၀၉-၂၀၁၀ ပြည့်နှစ်အတွက် အလုပ်အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲကို မတ် ၈ ရက်တွင် အသင်းရုံးတည်ရှိရာ ရန်ကုန်မြို့ တာမွေမြို့နယ် မေတ္တာညွန့် ရပ်ကွက် ရန်ကြီးအောင်လမ်း၌ကျင်းပသည်။

ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ဦးသန်းလွင်က အလုပ်အမှုဆောင်အဖွဲ့၏ နှစ်နှစ်တာ ဆောင်ရွက်နိုင်ခဲ့မှုကို ရှင်းလင်းတင်ပြပြီး အတွင်းရေးမှူး ဦးအေးလွင်က နှစ်ပတ်လည်အစည်းအဝေးသို့ တင်သွင်းသည့် အလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာကို ဖတ်ကြားကာ တွဲဖက်စာရင်းစစ်မှူး ဦးတင်မြင့်က အသင်းဖွဲ့စည်းပုံ စည်းမျဉ်းမှ ပြင်ဆင်ချက်ကို ဖတ်ကြားပြသ၍ အစည်းအဝေးအတည်ပြုချက်ရယူသည်။

ထို့နောက် ၂၀၀၉-၂၀၁၀ ပြည့်နှစ် အတွက် အလုပ်အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်ရာ ဥက္ကဋ္ဌဦးသန်းလွင်၊ ဒုတိယဥက္ကဋ္ဌ (၁)ဗိုလ်မှူးကြီးကိုကိုကျော်(ငြိမ်း)၊ ဒုတိယဥက္ကဋ္ဌ(၂)ဦးမြင့်ဆွေ(မြင့်မိုရ်ဆွေ)၊ ဒုတိယဥက္ကဋ္ဌ(၃) ဦးမြင့်လှိုင်၊ အတွင်းရေးမှူး ဦးသန်းငြိမ်း၊ တွဲဖက်အတွင်းရေးမှူး (၁)ဦးမြင့်ဦး၊ တွဲဖက်အတွင်းရေးမှူး(၂) ဦးအေးကို၊ တွဲဖက်အတွင်းရေးမှူး(၃) ဦးလှမြင့်၊ ဘဏ္ဍာရေးမှူး ဦးသောင်းတင်၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးအောင်သန်းဝင်း၊ ပြန်ကြားရေးမှူး ဦးစိုးမြင့်(ခရမ်းစိုးမြင့်)၊ တွဲဖက်ပြန်ကြားရေးမှူးဦးမောင်ရွှေစာရင်းစစ်မှူး ဦးဟန်မြင့်၊ တွဲဖက်စာရင်းစစ်မှူး ဦးတင်မြင့်တို့ အပါအဝင် အမှုဆောင် ၃၆ ဦးအား ရွေးချယ်လိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာအခြေခံသင်တန်းဖွင့်

ရန်ကုန် မတ် ၁၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာ အခြေခံသင်တန်း အမှတ်စဉ်(၆) သင်တန်း ဖွင့်ပွဲ အခမ်းအနားကို မတ် ၃ ရက် နံနက် ၉ နာရီတွင် ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များဦးစီးဌာန သင်တန်း ခန်းမ၌ကျင်းပရာ ပြည်တွင်းအခွန်များ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဝင်ငွေခွန်ဌာနခွဲ ညွှန်ကြားရေးမှူး ဦးသိန်းနိုင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးခဲ့သည်။ **(အောက်ပုံ)**

သင်တန်းဖွင့်ပွဲသို့ ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးများ၊ လက်ထောက် ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြ ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူ ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်းသတင်း ရရှိသည်။ (ဘဏ္ဍာ/အခွန်)

အထွက်တိုးပြောင်း တိုးချဲ့စိုက်ပျိုးရန် မြေပြုပြင်ဆောင်ရွက်

နောင်ချို မတ် ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်အတွင်းရှိ ပြောင်းစိုက်ပျိုးသည့် တောင်သူဦးကြီးတို့သည် ၂၀၀၉ ခုနှစ် မိုးရာသီပထမပတ်အတွင်း အထွက်တိုးပြောင်းဖူး များအား ပြောင်းစိုက်ရာသီတွင် တိုးချဲ့စိုက်ပျိုးကြမည်ဖြစ်ရာ မတ်လဆန်းပိုင်းမှစပြီး မြေများ ပြုပြင်ခုတ်ထွင်ရှင်းလင်းခြင်း၊ မြေဩဇာများ စုဆောင်းခြင်း စသည့်လုပ်ငန်း များကို စတင်ဆောင်ရွက်လျက်ရှိသည်။ ပြောင်းစိုက် တောင်သူ ဦးကြီးများက ပြောင်း စိုက်ခင်းများတွင် နှစ်သီးစား သီးညှပ်အဖြစ် ဆီထွက်နေကြာ၊ ပဲစင်းငုံစသည့် သီးနှံများကို သီးညှပ်အဖြစ် စိုက်ပျိုးကြမည်ဖြစ်သည်။ ကျောက်မဲခရိုင်၌ အထွက်တိုးပြောင်း စိုက်ပျိုး ထုတ်လုပ်ရာတွင် နောင်ချိုမြို့နယ်သည် ပြောင်းအများဆုံး ထွက်ရှိသည့် မြို့ဖြစ်ကြောင်း သိရပြီး ပြောင်းဖူးစိုက်ပျိုးရေးလုပ်ငန်းတွင် နောင်ချိုမြို့နယ် စက်မှုလယ်ယာဦးစီးဌာန ထွန်စက်စခန်းမှလည်း ထယ်ရေးဝင်လုပ်ငန်းများတွင် ထွန်စက်များဖြင့် ပါဝင်ကူညီ ဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းသိရသည်။ (၂၄၂)

ဖျာပုံမြို့နယ် သမိန်ထောကုန်းတန်းကျေးရွာတွင် မှုခင်းကျဆင်းရေး ပညာပေးဟောပြော

ဖျာပုံ မတ် ၃

ဖျာပုံမြို့နယ်ရဲတပ်ဖွဲ့မှူး၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို မတ် ၄ ရက် နံနက် ၈နာရီက သမိန်ထောကုန်းတန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ဖျာပုံမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအေးကြူနှင့် ကျုံကဒွန်း ရဲစခန်းမှူးရဲအုပ်စိုးလှအောင်တို့က နယ်မြေအတွင်းမှုခင်းများ ဖြစ်ပေါ်မှုအခြေအနေ များကို ရှင်းလင်းတင်ပြ၍ ရန်ကုန်မြို့မှရောက်ရှိလာကြသည့် စာရေးဆရာများဖြစ်ကြသော ဒါရိုက်တာ မောင်ယဉ်ကျော်၊ အဏ္ဏဝါစိုးမိုးနှင့် စုံထောက်မောင်ရေခဲတို့က မှုခင်း ကျဆင်းရေး ပညာပေးနှင့် စာပေရေးရာများကို ဟောပြောကြပြီး အသံတု ရဲမြင့်လေးက ဖျော်ဖြေမှုအစီအစဉ်များကို တင်ဆက်ဖျော်ဖြေကြသည်။ (၁၆၈)

Myanmar C.P CO.,LTD

C.P. GROUP

TFM

POKPHAND

MCPL

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို
ဂုဏ်ပြုကြိုဆိုသောအားဖြင့်

Myanmar C.P Tennis Tournament

၂၈.၃.၂၀၀၉ မှ ၁.၄.၂၀၀၉ ထိ

သိမ်ဖြူတင်းနစ်ကွင်း

Myanmar C.P Tennis Tournament အသင်းလိုက်ပြိုင်ပွဲနှင့် သက်တန်းလိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၁

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ Myanmar C.P Co., Ltd. ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပမည့် Myanmar C.P Tennis Tournament ပြိုင်ပွဲကို မတ် ၂၈ ရက်မှ ဧပြီ ၁ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ် အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲအမျိုးအစားများမှာ အသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသားအလွတ်တန်းတစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီး အလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲ၊ အသက်(၅၅)နှစ်နှင့်အထက် တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက်(၁၀)နှစ်၊ အသက်(၁၂)နှစ်နှင့် အသက်(၁၄)နှစ်အောက် လူငယ် ကျား၊ မ တင်းနစ်ပြိုင်ပွဲတို့ ပါဝင်မည်ဖြစ်သည်။

ပြိုင်ပွဲစည်းကမ်းများမှာ (က)အသင်းလိုက်ပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်း အဆင့်မဟုတ်သူများ၊ အသက်(၄၅)နှစ်အထက် ပြည်နယ်နှင့်တိုင်းအဆင့် အားကစားသမားတစ်ဦး၊ အသက်(၅၀)အထက် ပြည်နယ်နှင့်တိုင်းအဆင့် အားကစားသမားတစ်ဦးနှင့် အသက်(၆၀)အထက် ပြည်နယ်နှင့်တိုင်း အားကစားသမား၊ မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းများ တစ်သင်းလျှင် အားကစားသမားဦးရေ ကန့်သတ်ချက်မရှိ ပါဝင်ခွင့်ရှိသည်။ အားကစားသမားအနေဖြင့် အသင်းတစ်သင်းလျှင် အားကစားသမား ဦးရေ အနည်းဆုံးခြောက်ဦး၊ အများဆုံး ခုနစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ရမည်။

(ခ)သက်တန်းလိုက်ပြိုင်ပွဲတွင် ပြိုင်ပွဲစတင်သည့်နေ့မှစ၍ အသက်ပြည့်သူနှင့် အသက်မကျော်လွန်သူအားလုံး ပါဝင် ယှဉ်ပြိုင်ခွင့်ရှိသည်။

ပြိုင်ပွဲသို့ နယ်မှလာရောက်ပါဝင်ယှဉ်ပြိုင်သော ကလပ်အသင်းများကို ခရီးစရိတ်အဖြစ် တစ်သင်းလျှင် ငွေကျပ် ၃၀၀၀၀၊ လူငယ်သက်တန်းအလိုက် ပါဝင်ကစားလိုသူများ တစ်ဦးလျှင်ငွေကျပ် ၁၀၀၀၀ နှင့် နေထိုင်ရေးတို့ကို မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က စီစဉ်ဆောင်ရွက်ပေးမည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသူများသည် မတ် ၂၆ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဖုန်း-၃၇၂၃၆၀၊ ၃၈၁၉၉၁၊ ၉၉၂ (လိုင်းခွဲ-၀)သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းရမည်ဖြစ်ပြီး မတ် ၂၇ ရက် မွန်းလွဲ ၂ နာရီတွင် ပွဲစဉ်များ ရေးဆွဲမည့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ရုံးခန်းသို့ အသင်းတစ်သင်းမှ တာဝန်ရှိသူတစ်ဦး တက်ရောက်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိုင်းငေါ့ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ် စတင်ထုတ်လွှင့်

နေပြည်တော် မတ် ၁၁

ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းငေါ့ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ လွှင့်အားဝပ် ၁၀၊ လှိုင်းနှုန်း(J-13)ဖြင့် မတ် ၈ ရက်မှ စတင်၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို အရုပ်၊ အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မီးငြှိမ်းသတ်မှုနှင့် မီးသတ်စက်များ ကောင်းမွန်ရေးစစ်ဆေး

ကံမ မတ် ၁

ကံမမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ ဝင်များနှင့် ဈေးသူဈေးသားများ ပူးပေါင်းပြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်မှုနှင့် မီးသတ်စက်များ အစဉ်ကောင်းမွန်ရေး ဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၁၀ ရက်က မြို့မဈေးအတွင်း၌ ကျင်းပသည်။ ဇာတ်တိုက်လေ့ကျင့် သရုပ်ပြပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆွေဝင်း စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းနိုင်က ရှင်းလင်းတင်ပြခဲ့သည်။ **(အပေါ်ပုံ)** (မြို့နယ်စည်ပင်)

အင်းစိန် မီးရထားစက်ခေါင်းစက်ရုံအတွင်းမှ တာယာများပျောက်ဆုံးမှု မြောက်ပိုင်းခရိုင် အထူးမှုခင်းနှိမ်နင်းရေးဌာနစုမှ ဖော်ထုတ်ဖမ်းဆီး

ရန်ကုန် မတ် ၁၁

မြန်မာ့မီးရထား စက်ခေါင်းစက်ရုံ (အင်းစိန်) ပြင်ပဂိုဒေါင်အတွင်းရှိ ဂိုထောင်အမှတ် G-8 ကို ဇန်နဝါရီ ၂၉ ရက်တွင် တာဝန်ရှိသူများက ဝင်ရောက် စစ်ဆေးခဲ့ရာ မော်တော်ကားတာယာ မျိုးစုံ ၃၃ လုံး တန်ဖိုးငွေကျပ် ၂၁၃၇၉၈၀၊ ကာလတန်ဖိုးငွေကျပ် သိန်း ၄၀ ခန့် လျော့နည်း ပျောက်ဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အင်းစိန်ရဲစခန်းသို့ အမှုဖွင့်တိုင်ကြားရာ အင်းစိန် ရဲစခန်းမှ (ပ) ၂၃၂/၀၉ ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးအက်ဥပဒေပုဒ်မ-၆(၁)အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

အမှုမှ တရားခံ အမြန်ဆုံး ဖမ်းဆီးနိုင်ရေးနှင့် သက်သေခံပစ္စည်းများ သိမ်းဆည်းနိုင်ရေးအတွက် မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ရဲမှူး ဦးစီးတို့၏ အနီးကပ်ကြီးကြပ်မှုဖြင့် ခရိုင် အထူးမှုခင်း နှိမ်နင်းရေးဌာနစုမှ ရဲအုပ်ဗျက်ဆန်း၊ ဒုရဲအုပ်မျိုးမြင့်၊ တပ်ကြပ်ကြီးဝင်းအောင်၊ တပ်ကြပ်ကျော်သင်းတို့အား တာဝန်ပေး ဖော်ထုတ်စေခိုင်းခဲ့ရာ ခရိုင် အထူးအဖွဲ့မှရဲအုပ်ဗျက်ဆန်းခေါင်းဆောင်သောအဖွဲ့သည် အခင်းဖြစ်နေရာအား စစ်ဆေးခြင်း၊ မှတ်တမ်းများ ရယူခြင်းများပြုလုပ်ပြီး အမာခံသတင်းပေးများ စုဆောင်း၍ မသင်္ကာဖွယ်ရာ တရားခံ ဦးမြင့်သိန်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ် ၂၀ ရပ်ကွက်၊ ညောင်ရမ်းလမ်း အမှတ်မရှိတွင် နေထိုင်သူအား သွားရောက်ဖမ်းဆီး စစ်ဆေးခဲ့ရာ ဦးမြင့်သိန်း မှ ၎င်းတာယာ ၃၃ လုံးအား မီးရထား လုံခြုံရေးဝန်ထမ်း ဦးကျော်ညွန့်၊ ဝင်းဇော်ဦး၊ တင်ထွန်းဇော် (ထွက်ပြေး) တို့မှ ခိုးယူရောင်းချခိုင်းသဖြင့် ရောင်းချပေးခဲ့ကြောင်း ထွက်ဆိုသဖြင့် ဂိုဒေါင်အတွင်းမှ ခိုးယူခဲ့သူ ဦးကျော်ညွန့်၊ ဝင်းဇော်ဦး တို့အား စစ်ဆေးခဲ့ရာ ၎င်းတို့ ရောင်းချခဲ့သော တာယာဆိုင်များမှ သက်သေခံ ပစ္စည်းမူလအတိုင်း ပြန်လည်သိမ်းဆည်း ရမိခဲ့သည်။ ၎င်းတို့အား ဥပဒေနှင့်အညီ အရေးယူပေးနိုင်ရေး အတွက် သက်သေခံပစ္စည်းများ သိမ်းဆည်းပြီး သက်သေခံပစ္စည်းများ နှင့်အတူ သက်ဆိုင်ရာ ရဲစခန်းသို့ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။ (၆၁)

▲ ရှေ့ဖုံးမှ

စိုက်ခင်းများရှိရာသို့ သွားရောက်လေ့လာနိုင်ရန်အတွက် ညောင်လေးပင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ဝင်း၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူးစိုးသန်းတို့၏ စီစဉ်ပေးမှုဖြင့် ဖေဖော်ဝါရီ ၂၈ ရက်တွင် ဆည်မြောင်းဦးစီးအရာရှိ ဦးခင်မောင်ဌေး၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးထွန်းရီတို့လိုက်ပါလျက် ညောင်လေးပင်မြို့မှ ရန်ကုန်-မန္တလေးကားလမ်းမကြီးဘေး ရှစ်မိုင်သုံးဖာလုံခန့် ကွာဝေးသော ရဲနွယ်ချောင်းမကြီး အနီးမှ ဝဲဝန်းကျေးရွာအုပ်စုသို့ ရောက်ရှိခဲ့ကြသည်။ ရဲနွယ်ချောင်းမကြီး၏ ဝန်းကျင်ရှိ ကျေးရွာများတွင် နှမ်းစပါး၊ ပဲမျိုးစုံ၊ နေကြာ၊ ဖရဲ၊ ပြောင်း၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ခရမ်းချဉ်၊ ခရမ်းချို၊ နှမ်းနှမ်းစိုက်ခင်းများကို အားရကျေနပ်စရာ မျက်စိတစ်ဆုံး တွေ့မြင်ခဲ့ရပါသည်။ နှမ်းစပါးစိုက်ခင်း၊ နေကြာစိုက်ခင်း၊ နှမ်းနှမ်း၊ စားဖိုဆောင် ဟင်းသီးဟင်းရွက် သစ်သီးဝလံ စိုက်ခင်းများသည် ရဲနွယ်ရေလှောင်တမံ ဆည်ရေ၏ အကျိုးကျေးဇူးကြောင့် ဒေသခံတောင်သူများအတွက် ဝင်ငွေတိုး၍ အကျိုးဖြစ်ထွန်းမှု ရလဒ်များပင် ဖြစ်သည်။

မိမိတို့ သတင်းအဖွဲ့ ရောက်ရှိလာသည်နှင့် ဝဲဝန်းကျေးရွာဥက္ကဋ္ဌ ဦးမင်းဌေးနှင့်အဖွဲ့ဝင်များ၊ ဒေသခံ တောင်သူများက ဝမ်းပန်းတသာ ကြိုဆိုကြပြီး ပတ်ဝန်းကျင်ကျေးရွာ တောင်သူများ၏ စိုက်ခင်းများဆီသို့ ထွက်ခွာခဲ့သည်။ ထိုအရပ်တွင် ငါးပြေမ(ဂျို့ပင်)ပွဒ်န်၊ သာဒွန်းပွဒ်န်၊ ဒေါ်အုန်းနုပွဒ်န်၊ ဗိုလ်တဲပွဒ်န်၊ ကမာဖရုံ(ကလိ)ပွဒ်န်၊ မြို့မ (၁)ပွဒ်န်၊ ဧက ၅၀၀ ပွဒ်န်၊ စည်ပင်ပွဒ်န်၊ ငါးကြီးအိုင် ရေသွယ်မြောင်းမှတစ်ဆင့် ရေများ ဖြန့်ဝေပေးမှုကြောင့် တောင်သူများ စိုက်နိုင်ပျိုးနိုင်ကြ၍ ယခုကဲ့သို့ အောင်မြင်ဖြစ်ထွန်းသည်ကို သတင်းအဖွဲ့အား ရှင်းပြသည်။

ဆက်လက်ပြီး နှမ်းစပါး စိုက်ပျိုးအောင်မြင်မှုနှင့် ပတ်သက်၍ မေးမြန်းခဲ့ရာတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးထွန်းရီက ညောင်လေးပင်မြို့နယ်အနေဖြင့် ယခုစိုက်ပျိုးရာသီတွင် နှမ်းစပါးဧက ၉၀၀၀ လျာထားခဲ့ပြီး ဖေဖော်ဝါရီလကုန်ပိုင်းအထိ ၈၄၅၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ နေကြာ ၁၆၈၁၂ ဧက လျာထားခဲ့ရာ လျာထားချက်အတိုင်း ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ပဲမျိုးစုံ ၉၀၉၉၅ ဧက လျာထားခဲ့ရာ လျာထားချက်အတိုင်း ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် ရဲနွယ်ချောင်း စီးဆင်းရာတစ်လျှောက် ရဲနွယ်ရေလှောင်တမံ၏ ဆည်ရေဖြင့် နှမ်းစပါး ၅၂၀၇ ဧက၊ နှမ်းနှမ်း ၁၉၀၆ ဧက၊ သစ်သီးဝလံ ၄၇၈၆ ဧကနှင့် ဟင်းသီးဟင်းရွက် ၄၁၅ ဧက စုစုပေါင်း ၁၂၃၁၄ ဧကကို အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့ကြောင်း ရှင်းပြသည်။

သတင်းအဖွဲ့သည် တာဝန်ရှိသူများနှင့်အတူ ရှေ့ဆက်၍ ဝဲဝန်းကျေးရွာအုပ်စု၏ အောင်မြင်ဖြစ်ထွန်းနေသော နှမ်းစပါးစိုက်ခင်းများအနီး သွားရောက်လေ့လာခဲ့ရာ ကျေးရွာဥက္ကဋ္ဌ ဦးမင်းဌေးက ယခင်ကဆိုလျှင် မိုးရာသီတွင် ကျွန်တော်တို့ ပွဒ်န်တန်ဆာလွင်ပြင်၊ ပဲခူးလွင်ပြင်တို့မှာ ရေကြီး၊ ရေနက်ကွင်းများ ဖြစ်နေသည့် ဒေသဖြစ်ကြောင်း၊ ယခု တပ်မတော်အစိုးရလက်ထက်တွင် ရေလွှမ်းမိုးမှုများမှ ကာကွယ်ပေးရန် မြင့်မားသော ရည်ရွယ်ချက်အသွယ်သွယ်ဖြင့် ရဲနွယ်ရေလှောင်တမံဆည်ကို တည်ဆောက်ပေးနိုင်ခဲ့၍ ရဲနွယ်ရေလှောင်တမံမှ ရေကို ထိန်းချုပ်သိုလှောင်ပေးခြင်းအားဖြင့် မိုးတွင်းအခါ ရေလွှမ်းမိုးမှု မရှိတော့ကြောင်း၊ မိုးစပါးနှမ်းစပါးကိုလည်း အောင်မြင်ဖြစ်ထွန်းစွာဖြင့် စိုက်ပျိုးနိုင်ခဲ့ကြောင်း ဝမ်းသာအားရ ပြောပြခဲ့သည်။

သတင်းအဖွဲ့သည် စပါးစိုက်ခင်းများမှတစ်ဆင့် အောင်မြင်ဖြစ်ထွန်းနေသော ဖရဲစိုက်ခင်းများသို့ သွားရောက်လေ့လာရာ ဖရဲစိုက်တောင်သူ ဦးရဲလွင်က ကျွန်တော် (၈၅၅)ဖရဲမျိုးကို စိုက်ပျိုးပါတယ်။ ဖရဲ တစ်ဧကစိုက်ပျိုးအောင်မြင်ဖို့အတွက် မြေထွန်ယက်ခ၊ မျိုးစေ့၊ မြေသြဇာ၊ ပိုးသတ်ဆေး၊ အပင်အားဆေး၊ မှိုဆေးနှင့် ဈေးကွက်သို့ သယ်ယူပို့ဆောင်စရိတ် အပါအဝင် စုစုပေါင်း ကုန်ကျငွေ ဆယ်သိန်းကျော် ရင်းနှီးမတည်ရပါတယ်။ ပျိုးထောင်ချိန်၊ စိုက်ပျိုးချိန်၊ ထုတ်လုပ်ရောင်းချနိုင်တဲ့အထိ အချိန်ကာလအားဖြင့် ရက်ပေါင်း ၉၀ အကြာမှ ဈေးကွက်ဝင်ဖရဲသီးများကို ရရှိကြောင်း ရှင်းပြပြီး လုံးပတ် ၂၇ လက်မ၊ အရှည် ၁၈ လက်မရှိပြီး အလေးချိန် ခြောက်ပိဿာခန့်ရှိသော ဈေးကွက်ဝင် ဖရဲသီးကြီးကို ကိုရဲလွင်မိသားစုက ခွဲကာ ဧည့်ခံကြသည်။ ဖရဲသီးမှာ ချို၍ ရင်ထဲမှာ အေးမြကာ အရသာရှိသဖြင့် မြေသြဇာကောင်း ရေကောင်းသည့် ဒေသဖြစ်သည်မှာ သေချာလှသည်။

ကုန်ကျစရိတ်များလွန်းပြီး တွက်ခြေကိုက်မကိုက် သိလို၍ ရောင်းရငွေအား ထပ်မံမေးမြန်းကြည့်ရာ ကျွန်တော့် ဖရဲပင်က တစ်ပင်ချင်းစနစ် အပင်ကောင်းသည့်အတွက် အပင် ၂၀၀၀ စိုက်ခင်းက ဖရဲသီးလုံးရေ ၂၀၀၀ ထွက်ရှိခဲ့ပါတယ်။ အလုံးရေ ၂၀၀၀ ထွက်ရှိခဲ့၍ ဖရဲတစ်လုံးကို ငွေကျပ် ၁၃၀၀ နဲ့ ရောင်းရတဲ့အတွက် ငွေကျပ် ၂၆ သိန်း ရပါတယ်။ အကျိုးအမြတ်ပြန်တွက်ရင် ကျွန်တော် တစ်ဧကစိုက်ကွက်က အမြတ်ငွေ ၁၅သိန်းကျော် ဖြစ်တဲ့အတွက် အသားတင်ဝင်ပါတယ်” ဟု တောင်သူများ၏ ဝီရိယအကျိုး၊ ခွန်အားစိုက်ထုတ်မှုအကျိုးကို ဂုဏ်ယူဝမ်းမြောက်စွာ ပြောကြားသည်။

ဆက်လက်၍ တောင်သူဦးရဲလွင်က ကျန်လယ်မြေဧကများတွင် စိုက်ပျိုးဖြစ်ထွန်းနေသည့် အပင်ရေတစ်ဧကကို ၈၅၀၀ စိုက်ပျိုးထားသည့် ဂေါ်ဖီထုပ် နှစ်ဧကစိုက်ခင်း၊ ခရမ်းချဉ် ၁ ဒသမ ၇၀ ဧက စိုက်ခင်း၊ ပန်းဂေါ်ဖီ တစ်ဧက စိုက်ကွင်းများ၏ အောင်မြင်ဖြစ်ထွန်းနေမှုများကို လိုက်လံပြသရာ ဖြစ်ထွန်းအောင်မြင်နေသည့် ဝဲဝန်းကျေးရွာအုပ်စုရှိ စိုက်ခင်းများက ကွင်းအပြည့် တစ်မျှော်တစ်ခေါ်ပင်ဖြစ်သည်။

သတင်းအဖွဲ့သည် ဝဲဝန်းကျေးရွာအုပ်စု ဘိုင်းဒါးကျေးရွာ ပွဲရုံများသို့ သွားရောက်လေ့လာခဲ့ရာ ပွဲရုံတိုင်းတွင် ဒေသထွက်ကုန် ပစ္စည်းများဖြစ်သော ဖရဲသီး၊ ခရမ်းချဉ်သီး၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီနှင့် အခြားဟင်းသီးဟင်းရွက် သစ်သီးဝလံများကို ကားကြီး၊ ကားငယ်များနှင့် အနယ်နယ်အရပ်ရပ်မှ ရောင်းသူဝယ်သူများဖြင့် စည်ကားနေသည်ကို တွေ့မြင်ရပါ၍ ကုန်သည်တစ်ဦးကို မေးမြန်းကြည့်ရာ “ကျွန်မနာမည် ဒေါ်ခင်ပြုံးပါ၊ ဝဲဝန်းကျေးရွာအုပ်စု ဘိုင်းဒါးရွာမှာ နေပါတယ်။ ကျွန်မက ဒီဒေသကထွက်တဲ့ သီးနှံမျိုးစုံကို အရောင်းအဝယ်လုပ်ပါတယ်။ ဖရဲသီးကိုတော့ မြန်မာ-တရုတ် နယ်စပ်မူဆယ်မြို့ကို ပို့ပါတယ်။ အခြားဟင်းသီးဟင်းရွက် သစ်သီးဝလံကိုတော့ ပဲခူး၊ ရန်ကုန်၊ ဘားအံ၊ မော်လမြိုင်၊ သထုံနဲ့ တောင်ငူမြို့များကို တင်ပို့ရောင်းဝယ်ကြတဲ့အတွက် ကျွန်မနဲ့တကွ ရောင်းဝယ်သူအားလုံး အဆင်ပြေကြောင်း” ဝမ်းသာအားရ ပြောပြသည်။

ယခုအခါ နိုင်ငံတော်အစိုးရသည် ကျေးလက်နေ ပြည်သူများ၏ လူမှုဘဝ စီးပွားမြင့်မားရေးအတွက် အဓိက အရေးကြီးဆုံးအချက်ဖြစ်သည့် စိုက်ပျိုးရေရရှိရေး၊ ဆည်တမံများ၊ မြစ်ရေတင်စီမံကိန်းများ၊ ချောင်းပိတ်၊ မြောင်းပိတ်လုပ်ငန်းများ၊ ရေလွှမ်းမိုးခြင်း လုပ်ငန်းများကို အကောင်အထည်ဖော် တည်ဆောက်ပေးခဲ့ပြီးဖြစ်ရာ တည်ဆောက်ဖွင့်လှစ်ပေးခဲ့သော ဆည်တမံများ အကျိုးကျေးဇူးကြောင့် ယခုအခါ ကျေးလက်ဒေသနေ ပြည်သူများ၊စိုက်ပျိုးရေးကိုအခြေခံ၍ လူမှုစီးပွားတိုးတက်လျက်ရှိနေပြီဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာဖော်ပြလိုက်ပါသည်။ ။



ကားတစ်တန်၊ လှည်းတစ်တန်ဖြင့် ပွဲရုံများသို့ တင်ပို့ရောင်းချထားသည့် ဖရဲသီးများကို ဤသို့ တွေ့မြင်ခဲ့ရ။

ရဲနွယ်ရေလှောင်တမံဆည်၏ ကျေးဇူးကြောင့် ညောင်လေးပင်မြို့နယ် ဝဲဝန်းကျေးရွာအုပ်စုရှိ အောင်မြင်ဖြစ်ထွန်းနေသော နှမ်းစပါးစိုက်ခင်းများ။

လက်ဖက်နှင့်ပတ်သက်၍ အများပြည်သူများသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် စဉ်ဆက်မပြတ် စစ်ဆေးလျက်ရှိသည်။

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော လက်ဖက်များကို ဓာတ်ခွဲစစ်ဆေးရာ အောက်ဖော်ပြပါ လက်ဖက်အမှတ်တံဆိပ်များ၌ အစားအသောက်တွင် သုံးစွဲရန်ခွင့်မပြုသော အဝါရောင်ဆိုးဆေး(Auramine O) ပါဝင်ကြောင်း တွေ့ရှိရသည်။

Auramine O သည် ချည်၊သိုးမွေး၊ပိုးထည်၊စက္ကူ၊သားရေများကို အရောင်ဆိုးသော ဓာတုပစ္စည်းဖြစ်ပါသည်။ စားသုံးသူများကို လတ်တလော အဆိပ်အတောက်မဖြစ်စေသော်လည်း ရေရှည်တွင် အသည်းနှင့် ကျောက်ကပ်ရောဂါဖြစ်စေခြင်း၊ ခန္ဓာကိုယ်ကြီးထွားမှုကို ထိခိုက်စေခြင်း၊ ကင်ဆာရောဂါဖြစ်စေခြင်းတို့ကြောင့် Auramine O ပါဝင်သော လက်ဖက်များသည် စားသုံးရန် မသင့်ကြောင်း အသိပေးအပ်ပါသည်။

အစားအသောက်တွင် သုံးစွဲရန် ခွင့်မပြုသော အဝါရောင်ဆိုးဆေး (Auramine O) တွေ့ရှိရသည့် အမှတ်တံဆိပ်/လုပ်ငန်းများနှင့် လက်ဖက်အမျိုးအစားများ

စဉ်	အမှတ်တံဆိပ်/လုပ်ငန်း	လက်ဖက်အမျိုးအစားများ
၁။	ရွှေခြင်္သေ့တံဆိပ်	လက်ဖက်အသား၊ချဉ်စပ်လက်ဖက်
၂။	ပဒေသာလုပ်ငန်း	လက်ဖက်အသား
၃။	မျိုးတံဆိပ်	ချဉ်စပ်
၄။	မတင်ပိုင်တံဆိပ်	လက်ဖက်အသား၊ကြက်ခြေနီနှပ်
၅။	အောင်ပွင့်ဖူးလုပ်ငန်း	လက်ဖက်အသား
၆။	ရွှေပြည်စံတံဆိပ်	လက်ဖက်အသား
၇။	ရွှေပြည်တန်တံဆိပ်	လက်ဖက်အသား
၈။	လမင်းတံဆိပ်	လက်ဖက်အသား၊ချဉ်စပ်လက်ဖက်
၉။	ဝင်းလုပ်ငန်း	လက်ဖက်အသား
၁၀။	ငွေတောင်တန်းတံဆိပ်	လက်ဖက်ဆီနှပ်
၁၁။	ပင်ပျိုရွက်နုလုပ်ငန်း	လက်ဖက်အသား
၁၂။	ချစ်မမတံဆိပ်	လက်ဖက်နှပ်
၁၃။	ရွှေညီနောင်လုပ်ငန်း	လက်ဖက်အသား
၁၄။	အောင်ဆင်မင်းတံဆိပ်	လက်ဖက်ဆီနှပ်နှင့်အကြော်စုံ
၁၅။	ပလောင်ပျိုမေတံဆိပ်	လက်ဖက်နှင့်အကြော်စုံ
၁၆။	အောင်သပြေတံဆိပ်	လက်ဖက်အသား
၁၇။	ထိပ်တန်းအောင်လုပ်ငန်း	လက်ဖက်အသား
၁၈။	နေလတံဆိပ်	ချဉ်စပ်
၁၉။	မရွှေယုတံဆိပ်	ဇယန်းအညွန့်နှပ်အစပ်
၂၀။	စိန်ဝေလျှံတံဆိပ်	လက်ဖက်နှပ်
၂၁။	မြင့်မိုရ်လုပ်ငန်း	လက်ဖက်အသား
၂၂။	စမ်းမင်းတံဆိပ်	ချဉ်စပ်လက်ဖက်
၂၃။	သုခိတာလုပ်ငန်း	လက်ဖက်အသား
၂၄။	ရွှေနတ်သားလုပ်ငန်း	လက်ဖက်အသား
၂၅။	ငြိမ်းငြိမ်းတံဆိပ်	လက်ဖက်အသား၊ချင်းချဉ်စပ်၊ လက်ဖက်ချဉ်စပ်
၂၆။	ရွှေတုတ်တံဆိပ်	မိုးကုတ်လက်ဖက်ညွန့်နှင့် အကြော်စုံ
		မိုးကုတ်လက်ဖက်ချဉ်စပ်နှင့် အကြော်စုံ မိုးကုတ်လက်ဖက်ရှူးရှဲနှင့်အကြော်စုံ
၂၇။	မြသီဒါတံဆိပ်	လက်ဖက်အသား၊ချဉ်စပ်လက်ဖက်၊ ဇယန်းနှပ်
၂၈။	သီဟစိုးလုပ်ငန်း	လက်ဖက်အသား
၂၉။	ကျော်ကျော်မှိုတံဆိပ်	လက်ဖက်အသား၊ချဉ်စပ်လက်ဖက်
၃၀။	သိန်းတစ်ရာလုပ်ငန်း	လက်ဖက်အသား
၃၁။	ရည်မွန်တံဆိပ်	ချဉ်စပ်
၃၂။	ဖိုးလမင်းလုပ်ငန်း	လက်ဖက်အသား
၃၃။	ဗေဒါရွှေကြာတံဆိပ်	ချင်းချဉ်စပ်လက်ဖက်
၃၄။	ရွှေရီမွန်တံဆိပ်	ဇယန်းအညွန့်အချို၊ ဇယန်းအညွန့်ချဉ်စပ်၊ ရှူးရှဲလက်ဖက်
၃၅။	ခနဝေလုပ်ငန်း	လက်ဖက်အသား
၃၆။	ရွှေကြိုးကြာငွေကြိုးကြာလုပ်ငန်း	လက်ဖက်အသား
၃၇။	ရွှေအိုးကြီးတံဆိပ်	ရှူးရှဲလက်ဖက်နှပ် ရှူးရှဲလက်ဖက်အကြော်စုံ လက်ဖက်နှပ်
၃၈။	ဝင့်ဝါဦးတံဆိပ်	ချဉ်စပ်လက်ဖက်
၃၉။	အရှီးတောင်းတံဆိပ်	လက်ဖက်အသား၊ ချဉ်စပ်
၄၀။	သိန်းသန်းတံဆိပ်	လက်ဖက်အသား၊ ချဉ်စပ်
၄၁။	ပလောင်လေးတံဆိပ်	ဇယန်းလက်ဖက်နှပ်
၄၂။	ပုလဲရတနာတံဆိပ်	လက်ဖက်ဆီနှပ်အချို
၄၃။	မွမွလေးတံဆိပ်	လက်ဖက်နှင့် အကြော်စုံချဉ်စပ် လက်ဖက်ချဉ်စပ်

ကျန်းမာရေးဝန်ကြီးဌာန

ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ (၁၀)ကြိမ်မြောက် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ ဆွေးနွေးပွဲတက်ရောက်

နေပြည်တော် မတ် ၁၁

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့သို့ မတ် ၃ ရက်တွင် လေကြောင်းခရီးဖြင့် ရောက်ရှိခဲ့ကြသည်။

ညှိနှိုင်းဆွေးနွေး

ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မတ် ၅ ရက် နံနက် ၁၀ နာရီခွဲတွင် နယူးဒေလီမြို့ အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာန၌ ကျင်းပသည့် (၁၀)ကြိမ်မြောက်မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး/အတွင်းဝန်အဆင့် ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ပြီး နိုင်ငံခြားရေးအတွင်းဝန် မစ္စတာရှိဗ်ရှန်ကာမီနွန် ခေါင်းဆောင်သည့် အိန္ဒိယ ကိုယ်စားလှယ်အဖွဲ့နှင့် ညှိနှိုင်းဆွေးနွေးသည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲတွင် နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကိုလည်းကောင်း၊ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလက မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ၏ ခရီးစဉ်အတွင်း ညှိနှိုင်းဆွေးနွေးချက်များအား ဆက်လက်

> **ညှိနှိုင်းဆွေးနွေး**
>
> **နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် အိန္ဒိယ နိုင်ငံခြားရေး အတွင်းဝန် မစ္စတာရှိဗ်ရှန်ကာမီနွန်ခေါင်းဆောင်သည့် အိန္ဒိယကိုယ်စားလှယ်အဖွဲ့တို့ နယူးဒေလီမြို့ အိန္ဒိယပြည်ပရေးရာ ဝန်ကြီးဌာန၌ (၁၀)ကြိမ်မြောက် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး/အတွင်းဝန်အဆင့် ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပစဉ်။**
>
> (နိုင်ငံခြားရေး)

အကောင်အထည်ဖော်ရေးကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နှစ်နိုင်ငံ ညှိနှိုင်း ဆွေးနွေးပွဲ သဘောတူညီချက် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ညနေ ၅ နာရီတွင် အိန္ဒိယပြည်ပရေးရာ ဝန်ကြီးဌာန၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် နိုင်ငံခြားရေး အတွင်းဝန် မစ္စတာရှိဗ် ရှန်ကာမီနွန်တို့က လက်မှတ်ရေးထိုးကြသည်။

ဒုတိယဝန်ကြီး ဦးမောင်မြင့်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မတ် ၆ ရက်တွင် ကီရာလားပြည်နယ်သို့ သွားရောက်ခဲ့ကြပြီး မတ် ၁၀ ရက်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

(၆၄)နှစ်မြောက်တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရာတွင် ချမှတ်ထားသည့် မူဝါဒလမ်းစဉ် (၇)ရပ် ပြီးမြောက်အောင်မြင်စေရေးအတွက် တိုင်းရင်းသား ပြည်သူများနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေး မူဝါဒအဖြစ်ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက် လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

✧ ကျောဖုံးမှ

သုတေသန စာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၂၁ရက်နှင့် ၂၂ရက်တို့တွင် မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်ကြီး၌ကျင်းပရာ ကြေးမုံသတင်းအဖွဲ့သွားရောက်သတင်းရယူခဲ့သည်။

ရှေးဦးစွာ ကြေးမုံသတင်းအဖွဲ့သည် တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်လာမှုနှင့် ပတ်သက်၍ တိုင်းရင်းဆေးပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွန့်အား တွေ့ဆုံမေးမြန်းခဲ့ရာ "တိုင်းရင်းဆေးပညာ ခေတ်မီ ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်အပိုင်းက အဘက်ဘက်မှာ မြေတောင်မြှောက်ပေးလျက် ရှိပါတယ်။ တိုင်းရင်းဆေးပညာရှင်တွေ အနေနဲ့ ခေတ်အဆက်ဆက် မိမိတို့အားနည်းခဲ့တဲ့ သုတေသနလုပ်ငန်းတွေကို အဆင့်လိုက်လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ တိုင်းရင်းဆေးပညာရှင်တွေ အနေနဲ့ မိမိတို့ကိုယ်ပိုင်ဆေးဝါးဖော်စပ်တဲ့နေရာမှာ သမားရိုးကျမဟုတ်ဘဲ ပိုမို ပြည့်စုံတဲ့ သိပ္ပံနည်းစနစ်တွေနဲ့ ပေါင်းစပ်လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ယခုလို သုတေသနစာတမ်းဖတ်ပွဲတွေကတစ်ဆင့် ရရှိလာတဲ့ တွေ့ရှိချက်တွေကို မှတ်တမ်းမှတ်ရာ အဖြစ်နဲ့ လိုက်နာကျင့်သုံးကြမယ်ဆိုရင် တိုင်းရင်းဆေးဟာ ဒီထက် ပိုမိုဖွံ့ဖြိုး တိုးတက်လာမှာ ဖြစ်ပါတယ်" ဟုပြောကြားသွားသည်။

ဆက်လက်၍ တိုင်းရင်းဆေးကောင်စီအဖွဲ့ဝင် သမားတော်ကြီး ဦးညဏ်လွင်ကလည်း "နိုင်ငံတော်အပိုင်းက ချီးမြှောက်မှုနဲ့အတူ မြန်မာ့တိုင်းရင်းဆေးဟာ တစ်နှစ်ထက်တစ်နှစ်တိုးတက်အောင်မြင်လာတာကို တွေ့ရတယ်။ ဆေးဖော်စပ်နည်းတွေကို တိကျနိုင်သမျှ တိကျအောင်ဖော်စပ်ပြီး ကုသမယ်ဆိုရင် ရောဂါပျောက်ကင်းမှုအပိုင်းများ ပိုမို ထိရောက်နိုင်မှာပါ။ သုတေသနစာတမ်းတွေမှာ ပါရှိတဲ့ ဆေးနည်း၊ ဆေးပစ္စည်းတွေကို မှတ်တမ်း အသီးသီးထားရှိ ဆောင်ရွက်မယ်ဆိုရင် တိုင်းရင်းဆေးဟာ ဒီထက်ပိုမိုတိုးတက်အောင်မြင်လာမယ်။ သုတေသနလုပ်ငန်းတွေ လက်တွေ့ ဆောင်ရွက်နိုင်အောင်လည်း နိုင်ငံတော်အပိုင်းက နေပြည်တော် ပရဆေးဥယျာဉ်ကြီးကို ထူထောင်ပေးထားပါတယ်။ တိုင်းရင်းဆေးကောင်စီအနေနဲ့လည်း အသစ်အသစ်တွေ့ရှိတဲ့ ပရဆေးပင်တွေ၊ ဆေးဝါးကုထုံးတွေကို သင်ရိုးညွှန်းတမ်းတွေအဖြစ်နဲ့ သတ်မှတ်ပြီး တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူတွေ၊ တိုင်းရင်းဆေးဆရာတွေကို ပညာဖြန့်ဝေသွားပါမယ်" ဟုပြောပြသည်။

တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွန့် သုတေသနစာတမ်းဖတ်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။



တိုင်းရင်းဆေးကောင်စီအဖွဲ့ဝင် သမားတော်ကြီး ဦးညဏ်လွင်က မြန်မာ့တိုင်းရင်းဆေး အောင်မြင် တိုးတက်လာမှုကို ရှင်းပြစဉ်။

တောင်ကြီးမြို့ ဒေသန္တရဆေးခန်းမှ သွားဘက်ဆိုင်ရာ ဆရာဝန် ဒေါက်တာ ခင်သန်းနွဲ့ (တောင်ကြီး) သတင်းအဖွဲ့သို့ ရှင်းပြစဉ်။

ဆက်လက်၍ ရိုးရာအုတ်ပူမီးဖုတ်ဖြင့် လူနာများအားကုသခြင်း ခေါင်းစဉ်ဖြင့် စာတမ်းတင်သွင်း ဖတ်ကြားသော တောင်ကြီးမြို့ ဒေသန္တရဆေးခန်းမှ သွားဘက်ဆိုင်ရာဆရာဝန် ဒေါက်တာ ခင်သန်းနွဲ့(တောင်ကြီး)အားတွေ့ဆုံခဲ့ရာ "ဆေးပညာတိုင်းဟာ လူသားတို့ ခံစားနေရတဲ့ ရောဂါဝေဒနာများကို ပျောက်ကင်းအောင် ကုသပေးခြင်းနှင့် ရောဂါဝေဒနာကို ကြိုတင်ကာကွယ်တတ်ရန် ပညာပေးခြင်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းပဲဖြစ်ပါတယ်။ တိုင်းရင်းဆေးပညာဟာလည်း ခန္ဓာကိုယ်ရဲ့ ဖောက်ပြန်ပြောင်းလဲမှု၊ ရာသီဥတုတွေရဲ့ လူသားတို့အပေါ် သက်ရောက်မှုတွေကို ကြည့်ရှုလေ့လာပြီး ကံ၊ စိတ်၊ ဥတု၊ အာဟာရဖြင့် သဘာဝ သယံဇာတ အရင်းအမြစ် သစ်ပင်ထွက်၊ ရေထွက်၊ မြေထွက်၊ တိရစ္ဆာန်ထွက်ပစ္စည်းတွေကို အခြေခံဖော်စပ်ပြီး ဆေးဝါးကုသတဲ့ ပညာရပ်တစ်ခုဖြစ်ပါတယ်။ ယခု မိမိတင်သွင်းတဲ့ စာတမ်းဟာလည်း ငွေကုန်ကြေးကျ သက်သာစွာဖြင့် အုတ်ပူမီးဖုတ်နဲ့ အပူငုပ်တဲ့ လူနာတွေ၊ လေဖြတ်တဲ့လူနာမျိုးတွေကို ဆေးနည်းနှင့်ကုသပုံအပြင် ဆောင်ရန်၊ ရှောင်ရန်တို့ကိုလက်တွေ့သုတေသနပြု မှတ်တမ်းပြုစုပြီး ကုထုံးသုတေသနအဖြစ် ဖော်ထုတ်ထားခြင်းဖြစ်ပါတယ်" ဟု ပြောပြသည်။

မြန်မာ့ တိုင်းရင်းဆေးပညာသည် သိမ်မွေ့နက်နဲပြီး အနောက်တိုင်းဆေးဖြင့် ကုသ၍မပျောက်ကင်းသောရောဂါများကိုလည်း ပျောက်ကင်းနိုင်စွမ်းရှိကြောင်း အထောက်အထားမှတ်တမ်းဆေးကျမ်းများရှိပြီး ဖြစ်ပေသည်။ တိမ်မြုပ်ပျောက်ကွယ်နေသော ဆေးကျမ်းများဖော်ထုတ်ခြင်း၊ ကုထုံးသစ်များရှာဖွေခြင်းတို့ကို အစဉ်အမြဲလုပ်ဆောင်နေရမည် ဖြစ်သည်။ ထိုကဲ့သို့ လုပ်ဆောင်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးဆရာ၊ ဆေးဝါး ထုတ်လုပ်သူစသည်ဖြင့် တိုင်းရင်းဆေးလောကသားအားလုံး ကျရာကဏ္ဍမှ ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

စာတမ်းဖတ်ပွဲဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးပေးသော ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဦးမောင်မောင်ဦးကလည်း "မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်ကြီးမှာ သုတေသန စာတမ်းဖတ်ပွဲကျင်းပတာ ပထမဆုံးအကြိမ် ဖြစ်ပေမယ့် အောင်မြင်မှုရရှိပါတယ်။ ကျွန်တော်တို့ဆေးဝါးထုတ်လုပ်သူတွေအနေနဲ့ တိုင်းရင်းဆေး ဖွံ့ဖြိုးတိုးတက်ဖို့ရန် ကျရာနေရာကနေ ပံ့ပိုးကူညီဖို့ အစဉ်အမြဲရှိနေပါတယ်။ တိုင်းရင်းဆေးလောက ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ ခုလိုသုတေသနစာတမ်းဖတ်ပွဲတွေ အစဉ်အမြဲ လုပ်ဆောင်ဖို့ လိုအပ်ပါတယ်" ဟု ကြေးမုံသို့ပြောပြသည်။

အမျိုးသား ပရဆေးဥယျာဉ်အတွင်း ဆေးပင်များ ပျိုးထောင်စိုက်ပျိုးထားရှိမှုကို တွေ့ရစဉ်။

တိုင်းရင်းဆေးပညာ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည့် အစီအစဉ်များကို ထွန်းရွှေဝါ တိုင်းရင်းဆေး ထုတ်လုပ်ရေးမှ ဦးထွန်းရွှေ ရှင်းပြစဉ်။

သုတေသန စာတမ်းဖတ်ပွဲတွေ ဆက်လက်လုပ်ဆောင်မည်ဆိုပါက ကူညီပံ့ပိုးသွားမည့်အကြောင်းကို ဂရိတ်ဝေါတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးမှ ဦးမောင်မောင်ဦး ရှင်းပြစဉ်။

ဆက်လက်ပြီး ထွန်းရွှေဝါတိုင်းရင်းဆေးထုတ်လုပ်ရေးမှ ဦးထွန်းရွှေက "တိုင်းရင်းဆေးပညာခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကျန်းမာရေးဝန်ကြီးဌာနရဲ့ ဦးဆောင်မှုအောက်မှာ တိုင်းရင်းဆေးသမားတော်တွေ၊ တိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးဆရာ၊ လုပ်ငန်းရှင် စတဲ့ တိုင်းရင်းဆေး လောကသားအားလုံး စုစည်းညီညွတ်စွာနဲ့ ပူးပေါင်းဆောင်ရွက်သွားဖို့လိုသလို နိုင်ငံတကာအဆင့်မီ နှုန်းမီစံကိုက် အရည်အသွေးကောင်း တိုင်းရင်းဆေးဝါးတွေ ထုတ်လုပ်နိုင်ဖို့အတွက် အထောက်အထားခိုင်ခိုင်လုံလုံဖြစ်ဖို့နဲ့ ဆေးဖော်စပ်ပုံနည်းစနစ်တွေ ရောထွေးမှုမရှိအောင် ခုလို သုတေသနစာတမ်းဖတ်ပွဲတွေ၊ ဆွေးနွေးပွဲတွေ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ ဒါမှသာ မြန်မာတိုင်းရင်းဆေးဝါးကို နိုင်ငံတကာက လက်ခံပြီး ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်တဲ့ ဆေးဝါးတွေအဖြစ် လက်ခံယုံကြည်လာမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။ ။

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး လိုဏ်ဂူကြီးပြုပြင်မွမ်းမံခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၁

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် ဖေဖော်ဝါရီ ၂၇ ရက် မွန်းလွဲပိုင်းတွင် ဘူးသီးတောင်-မောင်တော ကားလမ်းပေါ်ရှိ လိုဏ်ဂူကြီးပြုပြင်မွမ်းမံခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် မောင်တောမြို့နယ် လေးမိုင် သစ်ထုတ်လုပ်ရေးစခန်းသို့ရောက်ရှိရာ သစ်ထုတ်လုပ်ရေးတာဝန်ခံက သစ်ထုတ်လုပ်မှုလုပ်ငန်း အခြေအနေများနှင့် သစ်ထုတ်ရေးကားလမ်း ဖောက်လုပ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တိုင်းမှူးသည် အေတာလျာကျေးရွာအုပ်စုရှိ ဦးဝင်းရွှေ၏ လယ်မြေ၌ နွေစပါး စိုက်ပျိုးထားမှုနှင့် ဘတ္တာဂုန်းနာကျေးရွာအုပ်စု၌ နွေစပါး စိုက်ပျိုးထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးသည် မတ် ၁ ရက် နံနက် ၇ နာရီတွင် ရသေ့တောင်မြို့မှ စစ်တွေမြို့နယ် ပါဒလိတ်ကျေးရွာ ဆိပ်ကမ်းအထိ ဆက်သွယ်နိုင်မည့် မြေသားလမ်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် စစ်တွေမြို့ ပြည်နယ်ရဲတပ်ဖွဲ့မွမ်းမံသင်တန်းကျောင်း၌ ကျင်းပသည့် ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ်(၁/၂၀၀၉) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့်အတူ ဆိုင်ကလုန်းမုန်တိုင်း သတိပေးခြင်းဆိုင်ရာ နံရံကပ်ပိုစတာနှင့် လက်ကမ်းစာစောင်များကို သင်တန်းသားများအား ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးသည် ပုဏ္ဏားကျွန်းမြို့နယ် ကွမ်းတောင်ကျေးရွာ ဘူတာရုံ ဆောက်လုပ်မည့်နေရာနှင့် ရထားလမ်းအူကြောင်း ဖောက်လုပ်နေမှုများ၊ စစ်တွေ-ရန်ကုန် ကားလမ်းမိုင်တိုင်အမှတ်(၁၆၅/၅)၌ ကျောက်ချောခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးပြီးကျောက်တော်မြို့နယ်အပေါက်ဝကျေးရွာအနီး ဦးကံကြီးမောင်၏ ဖရဲသီး၊ပြောင်းဖူးနှင့် ဘိုကိတ်ပဲစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်တိုင်းမှူးသည်ကျောက်တော်မြို့နယ်သရက်တစ်ပင်ကျေးရွာအုပ်စုမဟာမုနိဘုရားကြီးအနီး၌ ဇီးချောင်းဆည်ရေဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လွှတ်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မော်လမြိုင်မြို့နယ် လှိုင်ရပ်ကွက် မြို့ပတ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က အဆိုပါ မုခ်ဦး၌ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်း၊ မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ပြည်နယ်ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့် ရပ်မိရပ်ဖ ဦးလှသန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ပြန်ပြောင်းအောက်မေ့ ကျန်းမာရေးဓလေ့

သတင်းမှတ်စု
ပြည့်စုံ(သွေးသောက်)

မြန်မာတို့သည် နိုးကြားကြသည်။ နံနက်ခင်းစောစောထ၍ လမ်းလျှောက်သည့် အလေ့အကျင့်ရှိသည်။ အားလုံးလိုလို ဘောင်းဘီတို၊ဘောင်းဘီရှည်များဝတ်ကာ ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှား ကစားလေ့ရှိကြသည်။

ရှေးအခါကဆိုလျှင် နံနက်ခင်း လမ်းလျှောက်ကြဖို့ အတော်ကလေးနိုးဆော်ခဲ့ရ၏။ လွန်ခဲ့သော နှစ်ပေါင်း ၇၀၊ ၁၉၃၅ ခုနှစ်လောက်က သူရိယအယ်ဒီတာ ဦးဘကလေး၊ ကာယဗလ ဦးရှိန်၊ ဦးဇော်ဝိတ်၊ ခြေလျင် ဦးအုန်းခင် စသူတို့သည် မြန်မာတို့ နိုးကြားအောင် စတင်လမ်းလျှောက်ခဲ့ကြသည်။ သူရိယသတင်းစာတွင် ဖော်ပြခဲ့သော လမ်းလျှောက်ဓာတ်ပုံများကို ကြီးပွားရေးမဂ္ဂဇင်းတွင် ပြန်လည်ဖော်ပြခဲ့သည်။ ဇော်ဝိတ်ကြီးက သိုးမွေးခေါင်းစွပ်နှင့် ရှေ့ဆုံးက ဦးဆောင်လမ်းလျှောက်ပုံ၊ စစ်ကြိုခေတ် ၁၉၃၅ ခုနှစ်လောက်က ကျွန်တော်တို့ဇာတိနတ်တလင်းမြို့တွင် အဖ ဦးမန်းဆိုင်က ဦးဆောင်ကာ သား၊ သမီး ဘုစုခရုပါမကျန် နံနက်တိုင်း လမ်းလျှောက်ထွက်ခဲ့ကြပုံတို့ကို သတိရမိပါသည်။ တာပွန်လမ်းအတိုင်း လမ်းလျှောက်ထွက်ကြရာ မြို့အထွက်က စက်သူဌေး ဦးဘိုးရှင်းကို နောက်ဆုံးဝင်ခေါ်ပြီး တပျော်တပါး တာပွန်လမ်းလျှောက်ကြ၏။ ဦးဘိုးရှင်းကြီးသည် ရာဝင်အိုးနီးပါးဝသော်လည်း လူငယ်များခြေလှမ်းကို အမီလိုက်နိုင်သူဖြစ်၏။

မြန်မာဆေးဆရာ အဖွေ့သူငယ်ချင်း ဦးအီဘရာဟင်ကလည်း ကျွန်တော်တို့ လူငယ်တစ်သိုက်ကို အမီလိုက်လျှောက်နိုင်သူပင်။ လမ်းလျှောက်ခြင်းသည် စရိတ်မကုန်ဘဲ လေကောင်းလေသန့်ကို အခမဲ့ရှူခွင့်ရနိုင်သောကြောင့် ဗိုလ်တထောင်ဆိပ်ကမ်းတွင် ဆရာသာဂဒိုး၏ ဆိပ်ကမ်းကျန်းမာရေးအဖွဲ့ကလည်း မနက်တိုင်း စုဝေးကာ ကျန်းမာရေးလေ့ကျင့်ခန်း ပြုလုပ်ကြ၏။

များမကြာခင် တစ်မနက်က ဆရာသာဂဒိုးထံ ရောက်သွားရာတွင် ဆရာ၏ ကျန်းမာရေးအဖွဲ့တွင် ခေါင်းဆောင်ဆရာက ခရာမှုတ်လိုက်သည်နှင့် တံတားပျက်သုံးခုပေါ် ရောက်နေကြသော အဖွဲ့သားများသည် လက်စုံမြှောက်ကာ အလားလားဟု မိုးကောင်းကင်ကို မော်ကြည့်၍ အော်ကြကုန်၏။ ဒုတိယအကြိမ် ဝီစီမှုတ်လိုက်သောအချိန်တွင် ဝါးဟားဟား၊ ဝါးဟားဟားဟု ရယ်မောကြကုန်၏။ ထိုနေ့အဖို့ လေ့ကျင့်ခန်းပွဲသိမ်းလိုက်တော့ အဖွဲ့ဝင်များက ကျွန်တော့်ကို ဝမ်းသာအားရ နှုတ်ဆက်ကြသည်။

နှစ်စဉ်ရုပ်ရှင်အစည်းအရုံးမှ ရဲနီမ၊ ကိုစောနိုင်(ရှမ်းပြည်)၊ ရွှေတိုင်မြတ်ကို၊ မင်းသားရဲချစ်မိသားစု၊ ကိုဌေးအောင်နှင့် ကျွန်တော်တို့ အောင်ဆန်းကွင်းသို့ ချီတက်ကာ အခြားကျန်းမာရေးအဖွဲ့များနှင့်အတူ အောင်ဆန်းကွင်းတစ်ပတ်လမ်းလျှောက် ခဲ့ကြ၏။ ယင်းသို့ဖြင့် ကျန်းမာရေးဓလေ့သည် ပျော်ရွှင်စရာလည်းဖြစ်၊ ချစ်ခင်မှုလည်းပ၊ ကျန်းမာရေးနှင့်လည်း ညီညွတ်သည့် လုပ်ငန်းတစ်ခုဖြစ်သည်ကို ပြန်ပြောင်းအောက်မေ့ သတိရမိပါတော့သည်။ ။

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင် ငါန်းဇွန်မြို့ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်

နေပြည်တော် မတ် ၁၁

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်သည် မတ် ၂ ရက် နံနက်ပိုင်းတွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် ဧည့်ခန်းမဆောင်၌ ဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး လေဆိပ်အဆောက်အအုံကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် မတ် ၄ ရက် နံနက်ပိုင်းတွင် ငါန်းဇွန်မြို့ မြစ်ရေတင် သောက်ရေသန့်စက်နှင့် ရေလှောင်ကန် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားပြီး အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

အဆိုပါ သောက်ရေသန့်စက်သည် ဧရာဝတီမြစ်အောက်ပေ ၂၀ မှ ရေများကို ၁ နာရီ ဂါလန် ၃၅၀၀ နှုန်းဖြင့် စုပ်တင်ပေးနိုင်သည်။ ရေလှောင်ကန်မှာ ဂါလန် ၂၃၀၀၀ ဆံ့ဖြစ်ပြီး ငါန်းဇွန်မြို့အတွက် သောက်သုံးရေ လုံလောက်စွာ ပေးဝေနိုင်ကြောင်း သိရသည်။

ဒုတိယဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ကံလှကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာပြည်သူများအား တွေ့ဆုံအမှာစကား ပြောကြားသည်။ ဒုတိယဝန်ကြီးသည် မတ် ၅ ရက် နံနက်ပိုင်းတွင် ငါန်းမြာကြီးကျေးရွာ တိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံဧည့်ခန်းမ၌ တိုက်နယ်ဆရာဝန်ကြီး၊ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ အမှာစကား ပြောကြားသည်။

ဒုတိယဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မိုးတောင်ကျေးရွာမူလတန်းလွန်ကျောင်းနှင့် ထန်းဇင်လှကျေးရွာ မူလတန်းကျောင်းတို့၌ ကျေးရွာပြည်သူများအား တွေ့ဆုံ အမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီးသည် မတ် ၆ ရက် နံနက်ပိုင်းတွင် ငါန်းဇွန်မြို့နယ် ဆေးရုံသို့ ရောက်ရှိပြီး မြို့နယ်ဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဆေးရုံဆေးပဒေသာပင်နှင့်ကျန်းမာရေးဝန်ထမ်းများအတွက် ငွေကျပ် ငါးသောင်းစီ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့အတွက် ငွေကျပ်သုံးသောင်းစီတို့ကို ထောက်ပံ့ပေးအပ်ကာ လူနာများအား အားပေးစကား ပြောကြား၍ ထောက်ပံ့ငွေများ ပေးအပ်သည်။

ဒုတိယဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ခြသေ့်လက်ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပသည့် ဦးမောင်စိုး၊ ဒေါ်ဌေးဌေး(စိန်စွန်ညီသံရေကျိုလုပ်ငန်း၊ မန္တလေးမြို့)မိသားစု၏ ကျောင်းဆောင်သစ်ဆောက်လုပ်ရန် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး အလှူရှင် မိသားစုတို့ လှူဒါန်းသည့် ငွေကျပ်သိန်း ၂၀၀ ကို လက်ခံသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အလှူရှင်မိသားစုသည် ကျောင်းဆောက်လုပ်နေမှုကို ကြည့်ရှုကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇီဝဓာတ်ငွေ့ ထွက်ရှိသုံးစွဲမှု သရုပ်ပြပွဲ ကျင်းပ

ရန်ကုန် မတ် ၁၁

သဘာဝစွန့်ပစ်ပစ္စည်းများ အသုံးပြု၍ ကျေးလက်နှင့် မြို့ပြနေပြည်သူများဇီဝဓာတ်ငွေ့ကို တွင်ကျယ်စွာအသုံးပြုလာနိုင်ရန် ရွှေခိုင်ဝင်းကုမ္ပဏီလီမိတက်က ဇီဝဓာတ်ငွေ့ကန် တည်ဆောက်ရေးလုပ်ငန်းများကို နေရာဒေသမရွေး လိုက်လံ တည်ဆောက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၁၀ နာရီက ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ကုန်းခလာကျေးရွာအုပ်စု၊ ရေခလာကျေးရွာမှ တောင်သူ ဦးမောင်ဝင်း၏ နေအိမ်၌ ဇီဝဓာတ်ငွေ့ကန်မှ ဇီဝဓာတ်ငွေ့ထုတ်ယူသုံးစွဲနိုင်မှု သရုပ်ပြရှင်းလင်းပွဲကို ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် မန်နေဂျင်းဒါရိုက်တာ ဦးတင်ရွှေက ဇီဝဓာတ်ငွေ့စွမ်းအင်ကန်တည်ဆောက်မှု လုပ်ငန်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ကျွမ်းကျင်ဝန်ထမ်းများက ဇီဝဓာတ်ငွေ့ကန်မှ တစ်ဆင့် ဒီဇယ်အင်ဂျင်များကို ဇီဝဓာတ်ငွေ့ဖြင့်ရော၍ အသုံးပြုပုံနည်းစနစ်များ၊ ဓာတ်ဆီအင်ဂျင်များကိုလည်း ဇီဝဓာတ်ငွေ့တစ်မျိုးတည်းဖြင့် အသုံးပြုပုံများကို လက်တွေ့ရှင်းလင်းပြသခြင်း၊ နေအိမ်အတွင်း ထမင်းဟင်း ချက်ပြုတ်မှုများ၊ လေးပေနှင့် နှစ်ပေမီးချောင်းများ မီးထွန်းပြသမှုများ၊ ရုပ်မြင်သံကြားနှင့်ဗီဒီယိုပြသမှုများအား လက်တွေ့ရှင်းလင်း ပြသခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ဇီဝဓာတ်ငွေ့ကို အသုံးပြု၍ ဓာတ်ဆီအင်ဂျင်မှထွက်လာသော ကီလိုဝပ် ၂၀၀၀ အား (ENERGY SAVER LAMP) ၁၃ဝပ်မီးလုံးများအား နေအိမ်များ၌ ဖြန့်ခွဲအသုံးပြုပါက ၁၅၃ လုံးခန့် မီးထွန်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဇီဝဓာတ်ငွေ့ကန်မှဇီဝဓာတ်ငွေ့ထွက်ရှိအသုံးပြုနိုင်သည်အထိ တာဝန်ယူ တည်ဆောက်ပေးမည်ဖြစ်ပြီး ဇီဝဓာတ်ငွေ့ကန်တည်ဆောက်အသုံးပြုသူများသည် ဇီဝဓာတ်ငွေ့ဖြင့် ချက်ပြုတ်ရသော နှစ်ဖိုတွဲဂတ်မီးဖိုတစ်လုံး၊ ဇီဝဓာတ်ငွေ့ဖြင့် ချက်ရသော ထမင်းပေါင်းအိုး တစ်လုံး၊ ဇီဝဓာတ်ငွေ့အောက်လင်းမီးတစ်လုံးတို့ကို ရရှိမည်ဖြစ်သည်။ ဇီဝဓာတ်ငွေ့ကန် အသုံးပြုရာမှ အသုံးမလိုဘဲ ထွက်ရှိလာသော ဇီဝလျှံရည်အား စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတွင် ပြန်လည်အသုံးပြုနိုင်မည်ဖြစ်သည်။ ဇီဝဓာတ်ငွေ့ကန် တည်ဆောက်မှုလုပ်ငန်းကို တစ်ဦးချင်းစီသော်လည်းကောင်း၊ ပေါင်းစပ်၍သော်လည်းကောင်း၊ အလုပ်ရုံများ၊ ဘော်ဒါဆောင်များ၊စားသောက်ဆိုင်များ၊ ကုမ္ပဏီအသင်းအဖွဲ့များ၊ အဖွဲ့အစည်းများအနေဖြင့်လည်းကောင်း၊ လုပ်ငန်းအပ်နှံ တည်ဆောက်လိုပါက အထူးဈေးနှုန်းဖြင့် တည်ဆောက်ပေးမည်ဖြစ်ပြီး အသေးစိတ် သိရှိလိုပါက ရွှေခိုင်ဝင်းကုမ္ပဏီလီမိတက်၊အမှတ်(၁၉)အေ၊အေးရိပ်ကမ္ဘာ၊ ရွှေတောင်ကြားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၅၁၁၀၇၄၊ ၀၉-၉၉၂၇၂၉၊ ၀၉-၅၀၇၃၆၂၉ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၂-၃-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၄း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၅း၀၀ ၇။ မြတ်နိုးကြစေအမျိုးသား အမွေ
- ၅း၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၂။ **ကာတွန်းအစီအစဉ် - ပိုးကောင်ကလေးများရဲ့ အတွေး (အပိုင်း-၂)**
- ၆း၄၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - သံယောဇဉ်နှောင်ကြိုး (အပိုင်း-၆၁)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ အနုပညာရှင်၏တစ်နေ့တာ
- ၁၉။ ကုန်သွယ်သုတ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - နှလုံးသားအလှသစ္စာတရား (အပိုင်း-၃၃)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"** အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ) ၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း

(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ) ၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

အထက(၂) လမ်းမတော် ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၁

အထက(၂)လမ်းမတော် (ယခင် မြ မာလာ) ကျောင်း၌ ပညာသင်ကြားခဲ့သည့် ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒသမအကြိမ် အာစရိယ ပူဇော်ပွဲကို မတ် ၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် လမ်းမတော်မြို့နယ် ကျုံးကြီးလမ်းနှင့် (၉)လမ်းထောင့်ရှိ အထက(၂) လမ်းမတော်ကျောင်း၌ ကျင်းပမည်ဖြစ်သည်။

အသက်(၆၀)ပြည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများနှင့် ၂၀၀၈ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် အာစရိယပူဇော်ပွဲသို့ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းညွန့် ဖုန်း-၂၂၈၁၀၄၊ ၀၉-၈၅၁၆၁၉၉၊ ဒု-ဥက္ကဋ္ဌ ဦးကံကောင်း ဖုန်း-၀၉ ၉၉၂၃၅၂၈၊ ဘဏ္ဍာရေးမှူး ဦးကြင်စိန် ဖုန်း-၂၄၅၀၉၆၊ ၀၉-၈၀၃၀ ၂၆၁၊ အဖွဲ့ဝင်ဒေါ်ကြည်ကြည်ဝင်း ဖုန်း-၃၈၀၄၀၁၊ အဖွဲ့ဝင် ဦးစိန်ဝင်း ဖုန်း-၂၂၂၂၆၇နှင့် ကျောင်းအုပ်ဆရာကြီး အထက(၂) လမ်းမတော်တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (ကြေးမုံ)

ချန်ပီယံလိဂ် ၁၆သင်းရှုံးထွက်အဆင့် ပထမနေ့ပွဲစဉ်များပြီးဆုံး လီဗာပူးနှင့် ဘိုင်ယန်မြူးနစ်တို့ ဂိုးပြတ်သွင်းပြီး ကွာတားတက်

လန်ဒန် မတ် ၁၁

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ ချန်ပီယံလိဂ် ၁၆သင်း ရှုံးထွက်အဆင့် ပထမနေ့ ပွဲစဉ်များ ကျင်းပပြီးစီးခဲ့ရာ လီဗာပူး၊ ချယ်လ်ဆီး၊ ဘိုင်ယန်မြူးနစ်နဲ့ ဗီလာရီးယဲလ်တို့ ကွာတားဖိုင်နယ်သို့ အသီးသီး တက်ရောက်နိုင်ခဲ့ကြပါတယ်။

လီဗာပူး

အုပ်စု(ဃ)မှ အုပ်စုဗိုလ်ဖြင့် တက်လာခဲ့တဲ့ လီဗာပူးဟာ ယခုရှုံးထွက်အဆင့်တွင် ချန်ပီယံလိဂ်မှာ အစဉ်အလာကြီးမားခဲ့တဲ့ ရီးယဲလ်မက်ဒရစ်နဲ့ ဆုံတွေ့ခဲ့ပါတယ်။ လီဗာပူးဟာ ပြည်တွင်းလိဂ်မှာ ရုန်းကန်နေရပေမယ့် ချန်ပီယံလိဂ်မှာဆိုရင် ခြေစွမ်းပြတတ်လေ့ရှိတဲ့အတိုင်း ပထမအကျော့ ဘာနေဗျူးမှာ တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရခဲ့သလို ယခု ဒုတိယအကျော့ အိမ်ကွင်းအန်ဖီးလ်မှာ လေးဂိုး-ဂိုးမရှိနဲ့ ဂိုးပြတ်သွင်းပြီး ထပ်မံအနိုင်ရရှိခဲ့ပါတယ်။ ယခုပွဲတွင် လီဗာပူးအတွက် ဂိုးများကို ၁၆မိနစ်တွင် တောရက်စ်၊ ၂၈မိနစ်တွင် ဂျရတ်နဲ့ ၄၇မိနစ်မှာဂျာရတ်ကပဲ ပယ်နယ်တီကတစ်ဆင့် တစ်ဂိုး ထပ်မံရယူပြီး ဒေါ့ဆန်နာက ၈၈မိနစ်မှာစတုတ္ထဂိုးကို သွင်းယူနိုင်ခဲ့ပါတယ်။ ဒါကြောင့် လီဗာပူးဟာ နှစ်ကျော့ပေါင်း ငါးဂိုး-ဂိုးမရှိနဲ့ ရီးယဲလ်ကို အနိုင်ယူပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီ ဖြစ်ပါတယ်။

ချယ်လ်ဆီး

ချယ်လ်ဆီးဟာ အုပ်စု(က)မှ အုပ်စုဒုတိယနဲ့ တက်လာခဲ့ပြီး ယခုရှုံးထွက်အဆင့်တွင် ဂျူဗင်တပ်စ်နဲ့ဆုံတွေ့ခဲ့ပါတယ်။ ရှုံးထွက်ပထမအကျော့တွင် ချယ်လ်ဆီးက စတမ်းဖို့ဒ်ဘရစ်ချ်မှာ တစ်ဂိုး-



ရီးယဲလ်မက်ဒရစ်ဘက်သို့ ဂိုးသွင်းပြီးနောက် အောင်ပွဲခံနေသည့် လီဗာပူးမှ ဂျရတ်နှင့် ဖာနန်ဒိုတောရက်စ်။

ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပြီး ယခုဒုတိယအကျော့ ဂျူဗင်တပ်စ်ရဲ့ အိုလံပီကိုကွင်းမှာ နှစ်ဂိုးစီ သရေကစားနိုင်ခဲ့ပါတယ်။ ဒါကြောင့် ချယ်လ်ဆီးဟာ နှစ်ကျော့ပေါင်း သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့တက်နိုင်ခဲ့ပါတယ်။ ယခုပွဲတွင် အိမ်ရှင်အတွက်ဂိုးများကို ၁၉မိနစ်တွင် အီယာကွင်တာနဲ့ ၇၄မိနစ်တွင် ဒဲလ်ပီယာရိုက ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့ပြီး ချယ်လ်ဆီးအတွက် ဂိုးများကို ပထမပိုင်း ထပ်ဆောင်းအချိန်ပို တစ်မိနစ်မှာ အက်ဆီယန်နဲ့ ၈၃မိနစ်မှာ ဒရော့ဘာတို့က သွင်းယူပေးခဲ့ခြင်းဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်

အုပ်စု(စ)ကနေ အုပ်စုဗိုလ်နဲ့ တက်လာခဲ့တဲ့ ဘိုင်ယန်မြူးနစ်ဟာ ယခုရှုံးထွက်အဆင့်မှာ ခြေစွမ်း သာမန်သာရှိတဲ့ ပေါ်တူဂီကလပ် စပို့တင်း လစ္စဘွန်းနဲ့ဆုံတွေ့ခဲ့ပါတယ်။ ဘိုင်ယန်ဟာ ပထမအကျော့က စပို့တင်းရဲ့ အယ်လ်ဗာလာဒီကွင်းမှာ ငါးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့သလို ယခု ဒုတိယအကျော့အိမ်ကွင်း အလိုင်းယန့်ဇ်အရီနာမှာ ခုနစ်ဂိုး-တစ်ဂိုးနဲ့ ထပ်မံအနိုင်ရရှိခဲ့ပါတယ်။ ဘိုင်ယန်အတွက် ဂိုးများကို ခုနစ်မိနစ်နဲ့ ၃၄မိနစ်တို့မှာ ပိုဒေါလ်စကီး၊ ၃၉မိနစ်မှာ စပို့တင်းက ပိုဂါလ်က ကိုယ့်ဂိုးကိုယ်သွင်းခဲ့ပြီး ၄၃မိနစ်တွင် စတိုင်ဂါ၊ ၇၄မိနစ်တွင် ဘွန်မဲလ်နဲ့ ၈၂မိနစ်တွင် ကလိုဆေးက ပယ်နယ်တီမှ တစ်ဆင့် သွင်းယူခဲ့ကြပါတယ်။ စပို့တင်းအတွက် တစ်လုံးတည်းသော နှစ်သိမ့်ဂိုးကို ၄၂မိနစ်မှာ မော်တင်ဟိုကသွင်းယူခဲ့ပါတယ်။ ဘိုင်ယန်ဟာ စပို့တင်းကို နှစ်ကျော့ပေါင်း ၁၂ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်ပါတယ်။

ဗီလာရီးယဲလ်

အုပ်စု(င)မှ အုပ်စုဒုတိယနဲ့ တက်လာခဲ့တဲ့ ဗီလာရီးယဲလ်ဟာ ယခုရှုံးထွက်အဆင့်မှာ ဂရိကလပ် ပင်နာသီယာကော့စ်နဲ့ ဆုံတွေ့ခဲ့ပါတယ်။ ဗီလာရီးယဲလ်ဟာ ပထမအကျော့ အိမ်ကွင်း မာဒရီဂေါလ်မှာတုန်းက ပင်နာသီယာကော့စ်ကို တစ်ဂိုးစီသရေသာ ကစားနိုင်ခဲ့ပြီး ယခုဒုတိယအကျော့ ဂရိမြေမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိကာ နှစ်ကျော့ပေါင်း သုံးဂိုး-နှစ်ဂိုးနဲ့ ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ပါတယ်။ ယခုပွဲတွင် ဗီလာရီးယဲလ်အတွက် ဂိုးများကို ပွဲချိန်မိနစ် ၅၀တွင် ဂါဇာနဲ့ ၇၁မိနစ်မှာ လော်ရန်တီတို့က သွင်းယူခဲ့ပြီး အိမ်ရှင်အတွက်ဂိုးကို ၅၅မိနစ်မှာ မာတီနေဇ့်ဇ်က သွင်းယူခဲ့ပါတယ်။

ဝင်းတင်(ကြေးမုံ)

လေဖိအားနည်းရပ်ဝန်း အားပျော့ပျက်ပြယ်

ရန်ကုန် မတ် ၁၁

ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ **နေ့အပူချိန်များမှာ** မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီ စင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၁ဒီဂရီစင်တီဂရိတ်၊ နေပြည်တော်၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဘားအံမြို့တို့တွင် ၄၀ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ယနေ့နံနက် မြန်မာစံတော်ချိန် ၅နာရီ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မတ် ၁၂ရက် ညနေထိ ခန့်မှန်းချက် ။ ။ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပြီး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မြန်မာနိုင်ငံ တောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။
မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်
၃၆ ဒသမ ၆ဒီဂရီစင်တီဂရိတ် (၉၈ ဒီဂရီဖာရင်ဟိုက်) ၁၀-၃-၂၀၀၉

အနိမ့်ဆုံးအပူချိန်
၁၉ ဒသမ ၄ ဒီဂရီစင်တီဂရိတ် (၆၇ ဒီဂရီဖာရင်ဟိုက်) ၁၁-၃-၂၀၀၉

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် မတ် ၁၁

ဦးဇော်နိုင်သည် မတ် ၉ရက်တွင် နေပြည်တော် မြို့တော်ဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၁၆) ကိုက် ၁၈၀ အကွာအဝေးကို PING (I-3) (Iron-5)တုတ်ဖြင့် Titleist (ProV-1) ဂေါက်သီးအား ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားကြောင်း သိရသည်။

ထိုအချိန်တွင် ကစားဖော်များဖြစ်ကြသော ဦးဖုန်းကို၊ ဦးဇော်မြင့်နိုင်၊ ဦးကျော်ဖြိုးအောင်တို့လည်း အတူကစားလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၂၈ရက်က ဗဟန်းမြို့နယ် အမက(၁)၌ ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ ဗဟန်းမြို့နယ် စတုတ္ထတန်း ဘက်စုံထူးချွန် ပထမဆုရ မောင်အောင်ခန့်မင်းအား ကျောင်းအုပ်ဆရာကြီး(ငြိမ်း) ဦးဇော်မင်းထိန် ဆုချီးမြှင့်စဉ်။ (၅၁၆)

ကျောက်ကြီးမြို့နယ်၌ သောင်းကျန်းသူ အဖျက်သမားများထောင်ထားသည့် နင်းမိုင်းနှစ်လုံး နင်းမိပေါက်ကွဲသဖြင့် အပြစ်မဲ့ပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာများရရှိ

ရန်ကုန် မတ် ၁၁

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် ကျွန်းတောရွာနေ မောင်သန်းလွင်ထွန်း (၁၅)နှစ်သည် ၎င်း၏အစ်ကိုနှင့်အတူ မတ် ၇ရက် နံနက် ၅နာရီခန့်တွင် သစ်တောအင်းတောသို့ နွားလှည်းဖြင့် ထင်းခုတ်ရန်သွားရောက်စဉ် အောင်းလောင်းစိမ်ကျေးရွာ၏ အရှေ့ဘက် တစ်မိုင်ခန့်အကွာ သစ်တောအင်းတောစပ်သို့အရောက်၌ သောင်းကျန်းသူ အဖျက်သမားများ ထောင်ထားသော မိုင်းတစ်လုံးအား လှည်းယာဘက်ဘီးဖြင့် နင်းမိပေါက်ကွဲသောကြောင့် မောင်သန်းလွင်ထွန်း၏ ယာဘက်ခြေမျက်စိအထက်တွင် မိုင်းစထိမှန်ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့သဖြင့် မုန်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း သိရှိရသည်။

အလားတူ ကျောက်ကြီးမြို့နယ် တုံးတောကျေးရွာနေ မကြီး အသက်(၃၀)သည် အဖော်နှစ်ဦးနှင့်အတူ မတ် ၇ရက် နံနက် ၉နာရီခန့်တွင် ရွာအရှေ့ဘက် တစ်မိုင်ခန့်အကွာရှိ နောင်ကုန်းခေါင်းခွက်အင်းအနီး၌ ဟင်းသီးဟင်းရွက်ခူးနေစဉ် သောင်းကျန်းသူအဖျက်သမားများထောင်ထားသော မိုင်းတစ်လုံးအား နင်းမိပေါက်ကွဲသောကြောင့် မကြီး၏ ဝဲ/ယာ ဒူးအောက်ပြတ်တောက် ဒဏ်ရာများ (စိုးရိမ်ရ)ရရှိခဲ့သဖြင့် မုန်းတိုက်နယ်ဆေးရုံတွင် အတွင်းလူနာအဖြစ် ပို့ဆောင်ကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

သီပေါမြို့နယ် နမ့်လန်တွင် လျှပ်စစ်ဓာတ်အား စတင်သုံးစွဲပြီ

ရန်ကုန် မတ် ၁၁

နိုင်ငံတော်က မြို့နှင့်ကျေးလက်ဒေသများ၌ လျှပ်စစ်ဓာတ်အားရရှိအသုံးပြုသွားနိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၏ ကြီးကြပ်စီမံမှု၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ ကူညီပံ့ပိုးမှုတို့ဖြင့် ဖေဖော်ဝါရီ ၆ ရက်မှစ၍ သီပေါမြို့နယ် နမ့်လန်၌ လျှပ်စစ်ဓာတ်အားများ စတင်သုံးစွဲနိုင်ပြီဖြစ်သည်။

သီပေါမြို့မှ ၃၈ မိုင်ရှိ နမ့်လန်ဒေသသို့ သီပေါ 66/33 KV 20 MVA ဓာတ်အားခွဲရုံမှ 33 KV ဓာတ်အားလိုင်း ၃၈မိုင် တည်ဆောက်ပြီး ဓာတ်အားများ ဆက်သွယ်ပို့လွှတ်ပေးခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)** နမ့်လန်၌ 33/11 KV-3 MVA ဓာတ်အားခွဲရုံကို တည်ဆောက်ခဲ့ပြီး လျှပ်စစ် ဓာတ်အား 3 MVA အထိ သုံးစွဲသွားနိုင်မည် ဖြစ်သည်။

နမ့်လန်၌ ရပ်ကွက် ၁၁ရပ်ကွက်၊ ကျေးရွာငါးရွာဖြင့် ဖွဲ့စည်းထားပြီး လူဦးရေ စုစုပေါင်း ၂၀၀၀၀ ကျော် မှီတင်း နေထိုင်လျက်ရှိသည်။

ရဲစခန်း၊ အခြေခံပညာအထက်တန်းကျောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စာတိုက်နှင့် ဆက်သွယ်ရေး (တယ်လီဖုန်းရုံး)၊ ဆေးရုံနှင့် ဌာနဆိုင်ရာများရှိပြီး နိုင်ငံတော်၏ ကူညီပံ့ပိုးမှုတို့ဖြင့် ဒေသတွင်း ငြိမ်းချမ်းပြီး ဒေသဖွံ့ဖြိုးတိုးတက်လာသောကြောင့် လျှပ်စစ်မီးရရှိရေး ကိုယ့်အားကိုယ်ကိုး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(စာပေနှင့်စာနယ်ဇင်း)



ကြေးမုံ The Mirror အင်တာနက် ကျန်းမာရေး

အာလူးကြော်များကို အလွန်အကျွံမစားသင့်

ဘာသာပြန် မောင်ဇော်

သိပ္ပံနေ့စဉ် မတ် ၁၁

၂၀၀၉ခုနှစ် မတ်လထုတ် အမေရိကန် အာဟာရဂျာနယ်မှ လေ့လာမှု အသစ်တစ်ခုတွင် အစားအစာများမှ အခရိုင်လမိုက် (acrylamide)သည် နှလုံးရောဂါ ဖြစ်ပွားမှုကို တိုးစေသည်ဟု အင်တာနက်သတင်းတွင် ဖော်ပြထားသည်။ အခရိုင်လမိုက် (acrylamide)သည် အာရုံကြောစနစ်ကိုပျက်စီးစေနိုင်ပြီးကင်ဆာရောဂါကို ဖြစ်စေနိုင်သည်ဟု ယခင်လေ့လာမှုများက ဖော်ပြခဲ့ကြသည်။

အခရိုင်လမိုက်(acrylamide) ၁၅၇ မိုက်ခရိုဂရမ်ခန့် ပါဝင်သော အာလူးကြော်ကို လေးပတ်ကြာမျှ နေ့စဉ်စားသုံးပါက အာလူးကြော် စားသုံးသူများတွင် ဆိုးကျိုးဖြစ်စေသော ပြောင်းလဲမှုများကို ဖြစ်စေသည်။

ပျမ်းမျှအခရိုင်လမိုက်(acrylamide)မိုက်ခရိုဂရမ် ၂၀မှ ၃၀ ကို ရေရှည်စားသုံးသောသူများအတွက် နောက်ထပ်သုတေသနပြုမှုများ လိုအပ်ဦးမည်ဖြစ်သည်။ အစားအစာထုတ်လုပ်မှု နည်းပညာများ တိုးတက်လာခြင်းဖြင့် အစားအစာများတွင် အခရိုင်လမိုက်များ လျော့နည်းစေရန် အစားအစာထုတ်လုပ်သောလုပ်ငန်းများက ဆက်လက်ပြုလုပ်နိုင်သည်ဟု သတင်းတွင် ဖော်ပြထားသည်။ အစားအစာနှင့် ဆေးဝါးထိန်းချုပ်မှုအဖွဲ့၏ ဖော်ပြမှုတွင် အခရိုင်လမိုက်(acrylamide)သည် အထူးသဖြင့် အာလူးကြော်များနှင့် အာလူးချောင်းကြော်များတွင် အများဆုံး ပါဝင်သည်ဟု ဆိုသည်။

အာလူးချောင်းကြော်များ၊ အာလူးကြော်များ စားသုံးခြင်းကို အကန့်အသတ်ဖြင့်သာ စားသုံးသင့်ပြီး အသီးများ၊ ဟင်းသီးဟင်းရွက်များ၊ အစေ့များ၊ အဆီနည်းသော အသားများ၊ နို့ထွက်ပစ္စည်းများကိုရွေးချယ်စားသုံးသင့်ကြောင်း အမေရိကန် အာဟာရအသင်းကြီး၏ ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာ အင်န်ဂျွန်ဆင်က ပြောသည်။

အင်တာနက်။

နှုန်းမီစံကိုက်ဖွံ့ဖြိုးတိုးတက်လာသည့် မြန်မာ့တိုင်းရင်းဆေး သုတေသနစာတမ်းဖတ်ပွဲများမှတစ်ဆင့် ဖော်ထုတ်

သတင်းဆောင်းပါး - ဝင်းနိုင်(ကြေးမုံ)
ဓာတ်ပုံ - ဌေးအောင်(ကြေးမုံ)

နိုင်ငံတကာအဆင့်မီ တိုင်းရင်းဆေး သုတေသန စာတမ်းများ ပေါ်ထွက်လာစေရေး၊ အတွေ့အကြုံအခြေပြု တိုင်းရင်းဆေးပညာမှသည် သက်သေအထောက်အထား အခြေပြုတိုင်းရင်းဆေးပညာဖြစ်လာစေရန် တိုင်းရင်းဆေး သုတေသနလုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်ရေး၊ တိုင်းရင်းဆေးသုတေသီ ပညာရှင်များ ပိုမိုပေါ်ထွက်လာစေရေးနှင့် အဓိကရောဂါကြီးများ ကုသရာတွင် အစွမ်းအာနိသင်ထက်မြက်သော ဆေးဝါးနှင့် ကုထုံးများ ဖော်ထုတ်နိုင်ရေး စသည့် ရည်ရွယ်ချက်များဖြင့် ပထမအကြိမ် တိုင်းရင်းဆေး **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✧

ငွေဆောင်ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ် စတင်ထုတ်လွှင့်

နေပြည်တော် မတ် ၁၁

ရုပ်မြင်သံကြားတိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ ဧရာဝတီတိုင်း ငွေဆောင်ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ လွှင့်အား ဝပ် ၁၀၀၊ လှိုင်းနှုန်း(J-13)ဖြင့် မတ်၇ရက်မှစတင်၍ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို အရုပ်၊အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့် ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော်ရှိ အမျိုးသား ပရဆေးဥယျာဉ်ကို တွေ့ရစဉ်။

ဓာတ်ဆီဖြည့်မှုသတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု (Friction) မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity) တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတု ပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြု ရှောင်ကြဉ်ကြပါရန်။

မီးသတ်ဦးစီးဌာန

ယနေ့ ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

အာကာသအတွင်း ကော်ဇောပျံစီးရန် ဂျပန်ယာဉ်မှူး စီစဉ်ထား

(သတင်း) စာမျက်နှာ - ၅

တိုကျိုမြို့ ရေပြင်တွင် သင်္ဘောနှစ်စင်း တိုက်မိမှုဖြစ်

(သတင်း) စာမျက်နှာ - ၅